မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းကထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်၊ ၂၀၁၁ ခုနှစ်၊ မေ ၂၁ ရက်၊ စနေနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၃၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရွှေတိဂုံစေတီတော် ဖူးမြော်ကြည်ညိုပြီး ဆီမီး၊ ပန်း၊ ရေချမ်းနှင့် နံ့သာများဆက်ကပ်

ရန်ကုန် မေ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မေ ၂၉ ရက် ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး စေတီတော်ကြီး ရေရှည်တည်တံ့ရေးအတွက် ဘက်စုံပြုပြင်ဆောင်ရွက်ရေးကိစ္စများကို မှာကြားသည်။

ဖူးမြော်ကြည်ညို

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညနေ ၄ နာရီခွဲတွင် ရွှေတိဂုံစေတီတော်သို့ရောက်ရှိပြီး ရေးဦးစွာ ရင်ပြင်တော်ဧည့်ခံတန်ဆောင်းရှိ ဉာဏ်တော် ၄၅ လက်မမြင့်သည့် ရွှေစေတီကို ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ဒုတိယသမ္မတသည် ဆီမီး၊ ပန်း၊ ရေချမ်းနှင့် နံ့သာများဆက်ကပ်လှူဒါန်း၍ ရွှေတိဂုံစေတီတော်အား ဖူးမြော်ကြည်ညိုသည်။ ဆက်လက်၍ စေတီတော်အတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းပြီး ဒုတိယသမ္မတအား ဂေါပကအဖွဲ့က မွမ္မလက်ဆောင်ကို ဂါရဝပြု ပြန်လည်ပေးအပ်သည်။

တွေ့ဆုံ

ယင်းနောက် ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရွှေတိဂုံစေတီတော် အထက်ပစ္စယာရှိ ပတ္တမြားမျက်ရှင် ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

ဆက်လက်ထိန်းသိမ်း

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ကမ္ဘာတွင် ထင်ရှားကျော်ကြားသည့် ရွှေတိဂုံစေတီတော်ကြီးအား ခေတ်အဆက်ဆက် ပြုပြင်မွမ်းမံထိန်းသိမ်းခဲ့မှုများကြောင့် ယနေ့တိုင် သပ္ပာယ်ကြည်ညိုဖွယ် ဖူးတွေ့ရခြင်းဖြစ်ကြောင်း၊ နောင်နှစ်ပေါင်းများစွာတိုင် တည်တံ့ပြီး ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် တာဝန်ရှိသူများက ဆက်လက်ထိန်းသိမ်းသွားရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင် ဦးစိန်ဝင်းအောင်က ရွှေတိဂုံစေတီတော်နှင့်စပ်လျဉ်းသည်များ၊ ရွှေတိဂုံစေတီတော်ကြီးအား ခေတ်အဆက်ဆက် ပြုပြင်မွမ်းမံထိန်းသိမ်းခဲ့မှုများ၊ ၁၉၈၉ ခုနှစ်တွင် သိင်္ဂုတ္တရ ဥယျာဉ်တော်တည်ဆောက်ရေးလုပ်ငန်း၊ မဟာဗုဒ္ဓဝင်ပြခန်း တည်ဆောက်ရေးလုပ်ငန်း၊ ပြတိုက်၊ ပိဋကတိုက်၊ မော်ကွန်းတိုက် တည်ဆောက်ရေးလုပ်ငန်း လုပ်ငန်းကြီး(၃)ရပ်ဖြင့် ထာဝရဘက်စုံလုပ်ငန်း ဆောင်ရွက်ခဲ့မှုများ၊ နာဂစ်မုန်တိုင်းကြောင့် ပျက်စီးခဲ့ရမှုများအား ပြုပြင်ဆောင်ရွက်မှုများ၊ ရွှေသင်္ကန်းတော်ကပ်လှူရေး၊ ရွှေထီးတော် ကြံ့ခိုင်ရေး၊ ကိုယ်လုံးတော်ကြံ့ခိုင်ရေးလုပ်ငန်းများကို ဆပ်ကော်မတီ (၉) ဖွဲ့ဖြင့် ဆောင်ရွက်နေမှုများ၊ သာသနိကအဆောက်အအုံ မွမ်းမံပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

အလေးထား

ထို့နောက် ဒုတိယသမ္မတက ရွှေတိဂုံစေတီတော်သို့ ကမ္ဘာလှည့်ခရီးသည်များအပါအဝင် ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်မှု အခြေအနေနှင့် အလှူငွေရရှိမှုများ အပါအဝင် သိရှိလိုသည်များကို မေးမြန်းပြီး ရွှေတိဂုံစေတီတော်မြတ်ကြီး အရှည်တည်တံ့ရေးအတွက် ဘက်စုံပြုပြင်မွမ်းမံထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျဖြင့် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းမြေ့စွာ ဖူးမြော်နိုင်အောင် စီစဉ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။ *စာမျက်နှာ ၃ ကော်လံ ၁* ❖

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရွှေတိဂုံစေတီတော် မော်ကွန်းဓာတ်ပုံပြခန်း၌ ကြည့်ရှုလေ့လာကြည်ညိုစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် မေ ၃၁ ရက်)

ကျန်းမာကြံ့ခိုင်ရေး ဆေးလိပ်သောက်သုံးခြင်းကို အလေးထားရှောင်ကြဉ်

မေလ ၃၁ ရက်နေ့ (ယနေ့) သည် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ဖြစ်သည်။ တစ်ကမ္ဘာလုံးတွင် ဆေးလိပ်တိုက်ဖျက်ရေးလုပ်ငန်းကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဆေးလိပ်အမျိုးမျိုးဖြစ်သည့် စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံ၊ ပြောင်းဖူးဖက်လိပ်၊ ကွမ်းဖက်လိပ်စသည်တို့ကို ကိုယ်တိုင်သောက်သုံးခြင်းနှင့် သူတစ်ပါးဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်း၊ ဆေးပါသော ကွမ်းစားခြင်း၊ ဆေးရွက်ကြီးငုံခြင်းစသည့် ဆေးရွက်ကြီးထွက်ပစ္စည်းအမျိုးမျိုး သုံးစွဲခြင်းကြောင့် လူငယ်၊ လူရွယ်များနှင့် ပြည်သူလူထုတစ်ရပ်လုံး ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အန္တရာယ်အမျိုးမျိုးကျရောက်စေနိုင်ကြောင်း ပြည်သူများ သိမြင်သဘောပေါက် ရှောင်ကြဉ်နိုင်စေရန်အတွက် ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းကို အစဉ်တစိုက်ဆောင်ရွက်လျက်ရှိသည်။

ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်နှင့် စီးကရက်အမျိုးမျိုးသောက်ခြင်းကြောင့် နှလုံးသွေးကြောကျဉ်းခြင်း၊ ရုတ်တရက်နှလုံးသွေးရပ်ခြင်း၊ လေဖြတ်ခြင်း၊ အဆုတ်ပွန်ရောင်ခြင်း၊ အဆုတ်ကင်ဆာဖြစ်ခြင်းတို့အပြင် အစာပွန်၊ လေမျိုပွန်နှင့် အခြားကင်ဆာရောဂါများပါ ဖြစ်ပွားနိုင်သည်။

အမျိုးသမီးများ ကိုယ်ဝန်ဆောင်စဉ် ဆေးလိပ်သောက်လျှင် သန္ဓေသားသို့ထိခိုက်ပြီး သားပျက်သားလျှောခြင်း၊ လမစေ့ဘဲမွေးဖွားခြင်း၊ ပေါင်ချိန်မပြည့်ခြင်း၊ မွေးရာပါအင်္ဂါချို့ယွင်းသည့် ကလေးများ မွေးဖွားခြင်းတို့ ဖြစ်နိုင်သည်။ သူတစ်ပါးဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းသည်လည်း ဝမ်းတွင်းသန္ဓေသားကို ထိခိုက်စေနိုင်သည်။

ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကို ထိခိုက်သဖြင့် ဆေးလိပ်သောက်ခြင်းကို လူတိုင်း ရှောင်ကြဉ်သင့်ကြသည်။ ဆေးလိပ်သောက်သောသူအများစုသည် ကလေးသူငယ်ဘဝမှာ စတင်သုံးစွဲရာမှ ဆေးလိပ်စွဲသွားတတ်ကြသည်။

နိုင်ငံတော်၏ အနာဂတ်တာဝန်ကို လက်ဆင့်ကမ်းထမ်းရွက်ကြမည့် ယနေ့ကျောင်းသားလူငယ်များ ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ပြည့်ဝသူများဖြစ်စေရန် လူငယ်ထုအတွင်း စိမ့်ဝင် အန္တရာယ်ပြုလာသော ဆေးလိပ်အန္တရာယ်ကို မိဘ၊ ဆရာ၊ ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းလက်တွဲ တိုက်ဖျက်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ပေရာ ပြည်သူတိုင်းသည် ကျန်းမာကြံ့ခိုင်သော လူမှုဘဝနှင့် ပြည့်စုံရန်၊ ကျန်းမာပျော်ရွှင်သော မိသားစုဘဝရရှိရန်၊ နိုင်ငံတော်အကျိုးထမ်းရွက်နိုင်သူများဖြစ်ရန် ဆေးလိပ်သောက်ခြင်းကို အလေးထား ရှောင်ကြဉ်သွားကြရေး တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေး နှစ်တိုနှစ်ရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်နေ

နေပြည်တော် မေ ၃၀

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းသည် ပြည်နယ်ဝန်ကြီးများ လိုက်ပါလျက် မေ ၂၈ ရက် နံနက် ၁၀ နာရီက ဖလမ်းမြို့ မြို့နယ်ခန်းမ၌ ကျင်းပသော ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားသို့ တက်ရောက်ပြီး ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေးအတွက် နိုင်ငံတော်မှ နှစ်တိုနှစ်ရှည်စီမံကိန်း ချမှတ်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ပေးအပ်လှူဒါန်း

ချင်းပြည်နယ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားများကို ပြည်နယ်အတွင်းရှိ မြို့နယ် ကိုးမြို့နယ်၌ ကျင်းပခဲ့ပြီး ပြည်နယ်အစိုးရအဖွဲ့က တစ်မြို့နယ်လျှင် ငွေကျပ်တစ်သိန်းစီနှင့် ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များက လှူဒါန်းငွေများ၊ ပညာရေးဌာနက အခမဲ့ထောက်ပံ့သည့် ကျောင်းသုံးစာအုပ်များ၊ ပြဋ္ဌာန်းစာအုပ်များကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျေးလက်ပြည်သူများအား ကန်ကြီးထောင့်၌ အခမဲ့ဆေးဝါးကုသ

ကန်ကြီးထောင့် မေ ၃၀

ကန်ကြီးထောင့်မြို့နယ် ကျိုက်လတ်ကျေးရွာအုပ်စု ကျိုက်လတ်ကျေးရွာ ရွှေကျီးရုပ်ဘုန်းတော်ကြီးကျောင်းဝင်းတွင် မေ ၂၄ ရက်က အခမဲ့ ဆေးဝါးကုသလှူဒါန်းခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ **(အပေါ်ပုံ)** အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်နှင့် ဆေးဝါးအတွက် အလှူငွေကျပ် ၁၅ သိန်းလှူဒါန်းသူ ကျိုက်လတ်ကျေးရွာမှ အလှူရှင် ဒေါ်ချောစိန်(အောင်ရတနာဆန်စက်)တို့က လာရောက်ကုသသူ လူနာ ၃၀၀ ကျော်အား လိုအပ်သည်များ ကူညီပံ့ပိုးပေးခဲ့ကြသည်။

လှူဒါန်း

အဆိုပါအခမဲ့ဆေးဝါးကုသလှူဒါန်းပွဲတွင် ဒေါက်တာထက်ဝေလွင် ဦးဆောင်သော ဆရာဝန်များနှင့် သူနာပြုဆရာမများအဖွဲ့က လုပ်အားဒါန လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြဝတီရုပ်မြင်သံကြား

၃၁-၅-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၁၅ ၅။ ဓမ္မပူဇာတေး
၇း၂၀ ၆။ မျိုးချစ်တပ်မတော်
၇း၂၅ ၇။ မြန်မာ့ရှုခင်း
၇း၃၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၄ ၃။ နိုင်ငံတော်သီချင်း
၄း၀၅ ၄။ အဖွင့်သီချင်း
၄း၁၀ ၅။ အမျိုးသားရေးတေးကဗျာ
၄း၁၅ ၆။ မျိုးချစ်တပ်မတော်
၄း၃၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၄၅ ၈။ အင်္ဂလိပ်စာသုတ
၄း၅၅ ၉။ မြန်မာသံစဉ်ချိုနားဝင်
၅း၀၀ ၁၀။ ခေါင်းလောင်းသံချို အားမာန်ပို
၅း၁၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွင်ပြင်** (အပိုင်း -၆)
၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆း၁၅ ၁၅။ ဘောလုံးဟာသနှင့်ဂန္ထဝင်ဂိုး (၅၀၀)
၆း၂၅ ၁၆။ အောင်မြင်ခြင်းလမ်းမ
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငွေတိုက်ပွဲ** (အပိုင်း-၁၃)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ ဒို့တာဝန်အရေး(၃)ပါး
၂၁။ နိုင်ငံတကာသတင်း
၂၂။ မိုးလေဝသသတင်း
၂၃။ မွေးမြူသုတ
၂၄။ ဟာသရုပ်စုံ
၂၅။ သီချင်းလက်ဆောင်
၂၆။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်တို့တည်ရာ** (အပိုင်း-၂၀)
၂၈။ Mini Series

ဖျာပုံမြို့နယ် ရောဝတီစီမံလန်းမြေ ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက်၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဇီဝမြေဩဇာအသုံးပြုပုံ နည်းပညာဆိုင်ရာ ရှင်းလင်းပွဲကို မေ ၂၄ ရက်က (၁၄)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ကျင်းပရာ စိုက်ပျိုးရေးပညာရှင် ဦးစံလင်း ရှင်းလင်းဆွေးနွေးဟောပြောစဉ်။ (ဝ၇၁)



ညောင်တုန်းမြို့ဝင်ဆိုင်းဘုတ်နှင့် လမ်းလယ်ကျွန်းများ၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစန်းယုလှိုင်နှင့်အဖွဲ့ စတီးလ်လက်ရန်းများ တပ်ဆင်ပြီးစီးမှုကို မေ ၅ ရက်က အမှုဆောင်အရာရှိ ဦးညွန့်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇော်လွင်တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်း ချက်ပြုတ်ခြင်းမပြုစေရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူးသတိပြုသုံးစွဲရန်။

မီးသတ်ဦးစီးဌာန။

31-5 (02).pmd 1 5/31/2011, 2:47 AM

❖ ***ရှေ့ဖုံးမှ***

လက်မှတ်ရေးထိုး

စေတီတော်ကြီးအား ဘက်စုံထိန်းသိမ်းမွမ်းမံပြင်ဆင်ရာတွင်လည်း ယခင်ကနည်းတူ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒများနှင့်အညီပြုပြင်ခြင်း၊ သက်ဆိုင်ရာဥပဒေစည်းမျဉ်း စည်းကမ်း၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်း၊ သာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ ဆောင်ရွက်ခြင်းများဖြင့် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းမှာကြားပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ဖူးမြော်ကြည်ညို

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အထက်ပစ္စယာသို့တက်ရောက်၍ လက်ယာရစ်လှည့်လည် ကြည်ညိုကြပြီး ပတ္တမြားမျက်ရှင် ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ စေတီတော်အား လှည့်လည်ကြည်ညိုကြပြီး စနေထောင့်ရှိ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်အားလည်း ဝင်ရောက်ဖူးမြော်ကြည်ညိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စေတီတော်ရင်ပြင်ရှိ ရခိုင်တန်ဆောင်းနှင့် ဒေါ်ဒဂုန်ခင်ခင်လေး တန်ဆောင်းပြုပြင်မွမ်းမံနေမှုများကို ကြည့်ရှုစစ်ဆေးရာ ဂေါပကအဖွဲ့ဝင်များက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော် မော်ကွန်းဓာတ်ပုံပြခန်းကို ကြည့်ရှုလေ့လာ ကြည်ညိုကြပြီး တနင်္ဂနွေထောင့်ရှိ သာယာဝတီမင်းခေါင်းလောင်းကိုလည်း ကြည့်ရှုခဲ့ကြသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရွှေတိဂုံစေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ရခိုင်တန်ဆောင်းပြုပြင်မွမ်းမံနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား ဂျာမနီနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၃၀

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သံအမတ်ကြီး H.E. Mr. Julius Georg Luy သည် ယနေ့မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံရာသို့ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေး ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဂျာမနီနိုင်ငံ သံအမတ်ကြီးနှင့် ဂျာမန်ဖောင်ဒေးရှင်းမှ ကိုယ်စားလှယ်အဖွဲ့ဝင်တို့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၃၀

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သံအမတ်ကြီး H.E.Mr. Julius Georg Luy နှင့် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ ဂျာမန်ဖောင်ဒေးရှင်းမှ ကိုယ်စားလှယ်အဖွဲ့ဝင်တို့သည် ယနေ့ ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံ၍**(အောက်ပုံ)** မြန်မာနှင့်ဂျာမနီနှစ်နိုင်ငံဆက်ဆံရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့်စပ်လျဉ်းပြီး ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်အား ဂျာမနီနိုင်ငံ ဂျာမန်ဖောင်ဒေးရှင်းများမှပုဂ္ဂိုလ်များ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၃၀

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်အား ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ ဂျာမန်ဖောင်ဒေးရှင်းများမှ ပုဂ္ဂိုလ်များသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ သံအမတ်ကြီး H. E. Mr. Julius Georg Luy လိုက်ပါလျက် ယနေ့ ညနေ ၃ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအစည်းအဝေးခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယကနှင့် ပြည်ထောင်စုလွှတ်တော်ရှိ ပါတီပေါင်းစုံ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံပါဝင်သော လွှတ်တော်ကော်မတီဝင်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

လာရောက်တွေ့ဆုံ

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်အား ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ ဂျာမန်ဖောင်ဒေးရှင်းများမှပုဂ္ဂိုလ်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ သံအမတ်ကြီး H. E. Mr. Julius Georg Luy တို့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်း ကတ္တရာလမ်းအဆင့် တိုးမြှင့်မှု ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃၀

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် မြတ်နိုးသူဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်က B.O.T စနစ်ဖြင့် ဆောင်ရွက်နေသော မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်း (မိုင် ၆၀၊ ၂ ဖာလုံ)တွင် ၂၄ ပေအကျယ် ကတ္တရာလမ်း အဆင့်တိုးမြှင့်ဆောင်ရွက်နေသည့် လုပ်ငန်းခွင်များကို ကြည့်ရှုစစ်ဆေးသည်။

မှန်ကန်စွာအသုံးပြု

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကတ္တရာကျိုချက်ရာတွင် သတ်မှတ်ထားသည့် အပူချိန်အတိုင်း ရရှိအောင် ဆောင်ရွက်ရန်၊ သတ်မှတ်ထားသည့် ကျောက်အရွယ်အစား၊ အမျိုးအစားအတိုင်း အလွှာလိုက် မှန်ကန်စွာအသုံးပြုပြီး လမ်းအင်္ဂါရပ်နှင့်အညီ စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ရန်၊ လမ်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကတ္တရာခင်းရာတွင်လည်း အဆင့်ဆင့်သတ်မှတ်ထားသည့်အတိုင်း စနစ်တကျ ခင်းကြိတ်ရန်တို့ကို မှာကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် လမ်း၏ မိုင်တိုင်(၁၈/၆)နှင့် (၁၈/၅)ကြားတွင် Box Culvert တည်ဆောက်ပြီးစီးမှု၊ မိုင်တိုင်အမှတ်(၁၈/၄)နှင့် (၁၇/၃)ကြားတွင် စက်ယန္တရားအင်အား၊ လူအင်အားဖြင့် လမ်းချဲ့ခြင်း၊ ကျောက်ခင်းခြင်းနှင့် ကတ္တရာခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မြတ်နိုးသူ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်က B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်း (မိုင် ၆၀၊ ၂ ဖာလုံ)ကို ၁၈ ပေအကျယ် ကတ္တရာလမ်းမှ ၂၄ ပေအကျယ် ကတ္တရာလမ်းအဖြစ် တိုးမြှင့်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် ၅၄ မိုင်ပြီးစီး၍ ကျန်ရှိသည့် ၆ မိုင် ၂ ဖာလုံကို ကတ္တရာလမ်းချဲ့ခင်းခြင်း လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ဂျာမနီနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၃၀

အလုပ်သမား ဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သံအမတ်ကြီး H.E. Mr. Julius Georg Luy နှင့် ကောင်စစ်ဝန် Mr. Oliver Bientzle ခေါင်းဆောင်သော ဂျာမန် ဖောင်ဒေးရှင်းအဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးရုံး မေခလာဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ **(အပေါ်ပုံ)** လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးလုပ်ငန်းများ၊ လူမှုဝန်ထမ်းလုပ်ငန်းများနှင့်စပ်လျဉ်းသည့် ရှေ့ဆက် ဆောင်ရွက်မည့် စီမံချက်များ၊ လုပ်ငန်းစဉ်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အနောက်တောင်မုတ်သုံလေဝင်ရောက်

နေပြည်တော် မေ ၃၀

လွန်ခဲ့သော ၂၄နာရီအတွင်းက အနောက်တောင် မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများသို့ ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မေ၃၀ရက်က မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။

(မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန)

နေပြည်တော် မေ ၃၀

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးအောင်သည် မေ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် မကွေးတိုင်းဒေသကြီးရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ မန်းရေနံမြေ၊ ထောက်ကြာပင်၊ ကမ်းနီရေနံမြေနှင့် မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း၏ ရေနံဓာတ်ငွေ့ရည်စက်ရုံ(မင်းဘူး)တို့သို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

ရေနံဓာတ်ငွေ့ရည် ကုန်ထုတ်လုပ်မှုတိုးတက်ရေး ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်

ဒုတိယဝန်ကြီးသည် တွင်းအမှတ် (၃၅၇)၌ ရေနံသဲကြော ထပ်မံချဲ့ရန်အတွက် SEM Jet Operation ဆောင်ရွက်နေမှုကို လည်းကောင်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် PCC စာချုပ်အရ ပူးပေါင်းဆောင်ရွက်နေသည့် MPRL ကုမ္ပဏီမှ Asia Drilling 2 (AD 2) တွင်းတူးစက်ဖြင့် ပေနက်တွင်းသစ် Mann Deep East-1 (MDE-1) တွင်းသစ်တူးဖော်ရန် ပြင်ဆင်နေမှု အခြေအနေများကို လည်းကောင်း စစ်ဆေးခဲ့သည်။

ထို့နောက် ထောက်ကြာပင်၊ ကမ်းနီရေနံမြေ တပင်ဒေသ၌ စက်အမှတ် နေရှင်နယ်-၈၀(ဘီ) ဂျီအဲမ်ဖြင့် တူးဖော်နေသော ထောက်ကြာပင်တွင်း အမှတ် (၈၀၇) တွင်းတူးဖော်နေမှုကို လည်းကောင်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ ရေနံဓာတ်ငွေ့ရည်စက်ရုံ (မင်းဘူး)၌ ကုန်ထုတ်လုပ်ငန်း ဆောင်ရွက်နေမှုနှင့် စက်ရုံထိန်းချုပ်ခန်းတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြိုးပမ်းဆောင်ရွက်

အဆိုပါ ခရီးစဉ်အတွင်း ဒုတိယဝန်ကြီးက သက်ဆိုင်ရာတာဝန်ရှိသူများအား ရေနံနှင့်သဘာဝဓာတ်ငွေ့ အထွက်တိုးရေး၊ ရေနံဓာတ်ငွေ့ရည် ကုန်ထုတ်လုပ်မှု တိုးတက်ရေးတို့အတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်ကြရန်၊ အလေအလွင့်ပပျောက်ရေး၊ မသမာမှုကင်းရှင်းရေးနှင့် လုံခြုံရေးအထူးသတိပြုရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင် မကွေးတိုင်းဒေသကြီးရှိ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ မန်း ရေနံမြေ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

31-5 (04).pmd 1 5/31/2011, 2:47 AM

အမှာစကား ပြောကြား

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း အနုပညာအထက်တန်းကျောင်း(ရန်ကုန်)မှ ဆရာ ဆရာမများနှင့် ဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာနသည် တိုင်းပြည်နှင့်လူမျိုး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး ထိန်းသိမ်းဖော်ထုတ်နေ ဆရာ ဆရာမများနှင့်ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များကို အလေးအနက်တန်ဖိုးထားဖော်ဆောင်

အနုပညာရပ်များမြှင့်တင်ဆန်းသစ်၊ အနုပညာလုပ်ငန်းများ အောင်မြင်စေရန် ပေါင်းစပ်ဆောင်ရွက်

ရန်ကုန် မေ ၂၀

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် မေ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန လေ့ကျင့်ရေးသုတေသနနှင့် ပြည်ပဆက်ဆံရေးဌာနခွဲ အနုပညာအထက်တန်းကျောင်း(ရန်ကုန်)သို့ ရောက်ရှိပြီး ပန်းချီ၊ ပန်းပုနှင့် ပန်းတျာ အနုပညာသင်ကြားဆောင်များ၌ ကျောင်းသား ကျောင်းသူများ အနုပညာဘာသာရပ်အလိုက် သင်ကြားလေ့ကျင့်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေး အားပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အနုပညာဦးစီးဌာန လေ့ကျင့်ရေးသုတေသနနှင့် ပြည်ပဆက်ဆံရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဇော်ဌေးက အနုပညာအထက်တန်းကျောင်း (ရန်ကုန်)နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ဆရာ ဆရာမများနှင့် ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် ယဉ်ကျေးမှုဝန်ကြီးဌာနသည် တိုင်းပြည်နှင့် လူမျိုး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းဖော်ထုတ်မြှင့်တင် ဆောင်ရွက်ပေးနေသည့် ဌာနတစ်ခုဖြစ်၍ ဆရာ ဆရာမများနှင့် ဝန်ထမ်းများ အနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို အလေးအနက် တန်ဖိုးထားလျက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ဆရာ ဆရာမများသည် ရိုးရာယဉ်ကျေးမှု အမွေအနှစ် ပညာရပ်များအပေါ် လူငယ်လူရွယ်များ ပိုမိုစိတ်ဝင်စားလာစေရေး၊ အနုပညာဘာသာရပ်များ သင်ကြားပို့ချမှုများကို ပိုမို အဆင့်မြင့်မားစေရေး ကြိုးပမ်းမြှင့်တင်ရန်နှင့် အနုပညာအထက်တန်းကျောင်းနှင့် ယဉ်ကျေးမှုတက္ကသိုလ်တို့က မွေးထုတ်ပေးလိုက်သည့် ကျောင်းသား ကျောင်းသူများသည် ထူးချွန်သည့် အနုပညာရှင်များအဖြစ် ရပ်တည်ပြီး ၎င်းတို့၏ အနုပညာဖန်တီးမှုများ နိုင်ငံတကာသို့ပင် ပေါက်မြောက် အောင်မြင်နိုင်ရန်ဆိုသည့် ရည်ရွယ်ချက် နှစ်ရပ် ထားရှိပြီး ကြိုးပမ်း သင်ကြားပေးကြရန်နှင့် ကျောင်းသား ကျောင်းသူများကလည်း ကြိုးစားသင်ယူကြရန် လိုကြောင်း၊ ထို့အပြင်ယဉ်ကျေးမှုအနုပညာများနှင့် စပ်လျဉ်း၍ ထိန်းသိမ်းဖော်ထုတ်ရန်၊ ထူးချွန်သည့် အနုပညာရှင်များ ဖြစ်အောင် သင်ကြားလေ့ကျင့်ပေးရန်၊ အနုပညာရပ်များကို မြှင့်တင်ဆန်းသစ်သွားရန်နှင့် အနုပညာလုပ်ငန်းများ အောင်မြင်စေရန်အတွက် ပေါင်းစပ်ဆောင်ရွက်သွားကြရန်တို့ကို မှာကြားခဲ့သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ပန်းချီ၊ ပန်းပုခန်းမ(ရန်ကုန်)သို့ ရောက်ရှိပြီး ခန်းမအတွင်း ပြသထားသည့် ပန်းချီပြခန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စီမံဆောင်ရွက်

ယင်းမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အနုပညာဦးစီးဌာန ဇာတ်ရုံဌာနခွဲ အမျိုးသားဇာတ်ရုံ (ရန်ကုန်)သို့ ရောက်ရှိပြီး အမျိုးသားဇာတ်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ အဆောက်အအုံလုံခြုံရေး၊ မီးဘေးအန္တရာယ်လုံခြုံရေး၊ အမျိုးသားဇာတ်ရုံအား မွမ်းမံထိန်းသိမ်းဆောင်ရွက်၍ ဖျော်ဖြေရေး အစီအစဉ်များ ပိုမို စီစဉ်ပြသနိုင်ရန် စီမံဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း အနုပညာအထက်တန်းကျောင်း(ရန်ကုန်) ကျောင်းသား ကျောင်းသူများ အနုပညာဘာသာရပ်အလိုက် သင်ကြားလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေလေ့လာစို့

မြောက်ပိုင်းဒေသများ၌ မိုးပိုလာနိုင်

နေပြည်တော် မေ ၂၀

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ မွန်ပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကရင်ပြည်နယ်တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက် မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် မေလပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။

မေ ၃၁ ရက် ညနေအထိ ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃၀

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် မေ ၂၈ ရက် နံနက် ၉ နာရီခွဲက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ပြင်စာကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံ၍ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးအတွက် မိဘများနှင့်ပူးပေါင်းပြီး အင်တိုက်အားတိုက် ဆောင်ရွက်ကြရန်နှင့် ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းသာယာလှပရေး စီစဉ်ဆောင်ရွက်ကြရန်တို့ကို မှာကြားသည်။

ထို့နောက် မန္တလေးပညာရေး ကောလိပ် လေ့ကျင့်ရေးအလယ်တန်း ကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် လွှဲအပ်ပွဲ အခမ်းအနားသို့ တက်ရောက် အားပေးပြီးနောက် ကျောင်းအပ်နှံနေမှု များကို ကြည့်ရှုပြီး မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးစာအုပ်များကို အခမဲ့ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး နှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် အမှတ်(၃) အခြေခံပညာ မူလတန်းကျောင်းနှင့် အမှတ်(၁၆)အခြေခံပညာအထက်တန်း ကျောင်းတို့ကို ကြည့်ရှုစစ်ဆေးကြ သည်။

ကြည့်ရှုစစ်ဆေး

ပြည်ထောင်စု ဝန်ကြီးသည် မေ ၂၇ရက်ကလည်း မိတ္ထီလာတက္ကသိုလ်၊ ကျောက်ဆည်တက္ကသိုလ်နှင့် မန္တလေး တက္ကသိုလ်တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငွေဆောင်စည်ပင် ကျောက်ချောလမ်းခင်း

ငွေဆောင် မေ ၃၀

ငွေဆောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း လုပ်ငန်းအဖြစ် ဆောင်ရွက်မည့် အမှတ်(၂) ရပ်ကွက် (၁)လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း အတွက် ကျောက်များ စုဆောင်းထားရှိခြင်းကို မြို့နယ်တာဝန်ခံ ဦးဝင်းထွဋ်လွင်ကွင်းဆင်းစစ်ဆေးရာ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးကျော်စွာဝင်း ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

အဂတိတရား ကင်းရှင်းစွာဖြင့် စီရင်ဆုံးဖြတ် ဥပဒေနှင့်အညီ မှန်မှန်နှင့် မြန်မြန်ဆောင်ရွက်

နေပြည်တော် မေ ၃၀

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော်သည် မေ ၂၆ရက် နံနက် ၉ နာရီ ၄၅ မိနစ်က ထားဝယ်မြို့ပေါ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ မြောင်းပုလဲ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းနှင့် ဇရစ်အခြေခံပညာ မူလတန်းကျောင်းတို့သို့ သွားရောက်၍ ကျောင်းအပ်နှံနေမှု တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား မိဘများ အား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မေ၂၇ရက် နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်း အဝေးခန်းမ၌ကျင်းပသည့် ပြည်ထောင်စုတရားသူကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲ အခမ်း အနားသို့ တက်ရောက်ပြီး မှန်ကန်သည့် တရားစီရင်ရေး၊ ဆုံးဖြတ်ချက်ဖြစ်ရန် တရားစီရင်ရေးနှင့် ဆက်နွှယ်နေသည့် ဥပဒေအရာရှိများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ရှေ့နေများ၊ အမှုသည် များ၊ သက်သေများသည် ကျရာတာဝန်ကို ကျေပွန်ရန် လိုအပ်ကြောင်း၊ တရားစီရင်ရေးလုပ်ငန်းတွင် တာဝန်ယူ ကြသည့် တရားသူကြီးများ၊ အရာထမ်းများ၊ အမှုထမ်းများ သည် အရေးကြီးအခန်းကဏ္ဍတွင် ပါဝင်သည့်အတွက် အဂတိတရားကင်းရှင်းစွာဖြင့် ဥပဒေနှင့်အညီ မှန်မှန်နှင့် မြန်မြန် စီရင်ဆုံးဖြတ်ကြရမည်ဖြစ်ကြောင်း မှာကြားခဲ့ ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မလေးရှားပညာရေးပြပွဲကျင်းပ

ရန်ကုန် မေ ၃၀

မလေးရှားနိုင်ငံ ပညာရေးဝန်ကြီးဌာန Education Malaysia သတင်း နှင့် အချက်အလက်ဌာန JENKO- REXPO က ကြီးမှူးကျင်းပသည့် (၆)ကြိမ်မြောက် မလေးရှားပညာရေးပြပွဲကို မေ ၂၈ ရက် နံနက်က ရန်ကုန်မြို့ အလုံပြဘုရားလမ်းရှိ Park Royal ၌ ကျင်းပရာ အခမ်းအနားတွင် Education Malaysia, Director Mr. Helmy Sulaiman က ကြိုဆိုနှုတ်ခွန်း ဆက် စကားပြောကြားပြီးနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Dato' Mazlan Muhammad က အမှာစကားပြောကြားသည်။

ဂုဏ်ပြုဆုပေးအပ်

ယင်းနောက် မလေးရှားနိုင်ငံသံအမတ်ကြီးနှင့် ဒါရိုက်တာ Mr. Helmy Sulaiman တို့က မလေးရှားပညာရေးပြပွဲကို ဖွင့်လှစ်ပေးပြီးနောက် ပြခန်းများ အတွင်း လှည့်လည်ကြည့်ရှုကာ **(အပေါ်ယာပုံ)** ပညာရေးကျောင်းများတွင် ထူးချွန်စွာပညာသင်ကြားခဲ့သည့် ကျောင်းသူကျောင်းသားများကို ဂုဏ်ပြုဆုများ ပေးအပ်သည်။

ဆက်သွယ်နိုင်

ပြပွဲကို မေ ၂၈ ရက်မှ ၂၉ ရက်အထိ ပြသခဲ့ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ဖုန်း-၀၉-၅၀၆၂၈၉၁၊ ၀၉-၄၃၀၂၈၇၆၀ တို့ထံသို့ ဆက်သွယ် နိုင်ကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

ရှင်းလင်းတင်ပြ

မော်လမြိုင်မြို့နယ် အတ္တရံ(၂)မြစ်ရေတင် ရေပေးဝေရေးအတွက် မြေသားကန်အမှတ်(၅) တူးဖော်ခြင်းလုပ်ငန်းကို မေ ၁၆ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ကွင်းဆင်း စစ်ဆေးရာ စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးတင်ကိုကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

သက်တန်းအလိုက် တံခွန်စိုက်ရေကူးပြိုင်ပွဲ အမျိုးသားရေကူးကန်၌ ကျင်းပမည်

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်နှင့် T.T.O Trading Co.,Ltd. တို့ ပူးပေါင်း ကျင်းပသော စတုတ္ထအကြိမ် Denk Pharma Cup အမျိုးသား အမျိုးသမီး သက်တန်းအလိုက် တံခွန်စိုက်ရေကူးပြိုင်ပွဲကို ဇူလိုင် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ကျင်းပမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲတွင် အသက် ၁၇ နှစ်အောက်၊ ၁၄ နှစ်အောက်၊ ၁၂ နှစ်အောက်၊ ၁၀ နှစ်အောက်နှင့် (၈)နှစ်အောက် အမျိုးသား အမျိုးသမီးပြိုင်ပွဲများ ထည့်သွင်းကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

ပါဝင်ယှဉ်ပြိုင်ခွင့်

ပြိုင်ပွဲဝင်လိုသူများအနေဖြင့် ဇူလိုင် ၁၂ ရက် ညနေ ၃ နာရီ နောက်ဆုံး ထား၍ ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်တွင် နံနက် ၆ နာရီခွဲမှ ၈ နာရီခွဲ၊ ညနေ ၃ နာရီခွဲ မှ ၅ နာရီခွဲအထိ (သောကြာနေ့မှအပ)ဦးသန်းကြိုင် ဖုန်း- ၀၉-၄၉၂၈၀၉၆၇ နှင့် ဦးရဲအောင်တို့ထံ စာရင်းပေးသွင်းနိုင်ပြီး ကျိုက္ကဆံ အမှတ်(၅)ဂိတ်ရှိ မြားပစ်အဖွဲ့ချုပ်၌လည်း စာရင်းလာရောက်ပေးသွင်းနိုင်ကာ အသက်စိစစ်ရန် မွေးစာရင်း၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်းမူရင်းများ၊ ကျောင်းဝင်အမှတ်၊ ကျောင်းတံဆိပ်မူရင်း၊ စာသင်ကျောင်း Letter Head နှင့် ကျောင်းအုပ်လက်မှတ် မူရင်းပါသော ကျောင်းထောက်ခံစာများ ယူဆောင် လာရမည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်သွယ်မေးမြန်းနိုင်

အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် အထွေထွေအတွင်း ရေးမှူး ဦးကျော်ဦး ဖုန်း-၀၉-၅၁၃၄၃၁၀၊ ၄၀၀၂၀၉ တို့ထံသို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ကျောင်းအပ်နှံရေးနေ့ အခမ်းအနားများ အမြို့မြို့ အနယ်နယ်၌ ကျင်းပ

နေပြည်တော် မေ ၃၀

မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ ဒေါပုံ၌ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ်တွင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၇ ရက်က အထက(၁) ကျောင်းခန်းမ ဆောင်၌ ကျင်းပရာ ပေါ်ပြူလာပလတ်စတစ်လုပ်ငန်းက လှူဒါန်းသော ငွေကျပ်သိန်း ၂၀ ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး မြို့နယ် ပညာရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးနိုင်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(အောက်ပုံ) **(၀၅၁)**

တမူး၌ ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး တမူးအထက ကဘော်ခန်းမ၌ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၉ ရက် နံနက် ၉နာရီက ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် တမူးမြို့နယ်ရှိ ကျောင်းများမှ ဆင်းရဲနွမ်းပါးကလေး များအတွက် ပညာရေးဌာနမှ အခမဲ့ပေးအပ်သော ဗလာစာအုပ်များနှင့် စေတနာရှင်များက ပေးအပ်လှူဒါန်းသော အလှူငွေများကို ကျောင်းအလိုက် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

၂၀၁၁-၂၀၁၂ပညာသင်နှစ် တာချီလိတ်ခရိုင် ကျောင်းအပ်နှံ ရေးနေ့ အခမ်းအနားကို မေ ၂၆ ရက်က အောင်မြတ်ခန်းမ၌ ကျင်းပရာ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် စေတနာရှင်များ၏ လှူဒါန်းငွေများကို တာဝန်ရှိသူများက လက်ခံယူစဉ်။ (၀၆၀)

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် မြို့နယ်လုံးကျွတ် ကျောင်း အပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၇ ရက်က အမှတ် (၃)အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူ များအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က ကျောင်းသုံး ပစ္စည်းများ ပေးအပ်စဉ်။ (၁၂၁)

ကိုရီးယားရိုးရာအက၊ တေးဂီတနှင့် တိုက်ကွမ်ဒိုအဖွဲ့ အမျိုးသားဇာတ်ရုံ၌ သရုပ်ပြတင်ဆက်

ရန်ကုန် မေ ၃၀

ကိုရီးယားရိုးရာအက၊ တေးဂီတနှင့် တိုက်ကွမ်ဒို သရုပ်ပြဖျော်ဖြေပွဲ အခမ်းအနားကို ယမန်နေ့ည ၇ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် သံရုံးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ တွဲဖက်အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကိုရီးယား တိုက်ကွမ်ဒို အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် သရုပ်ပြအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ကြိုဆိုနှုတ်ခွန်းဆက်

ရှေးဦးစွာ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ကိုရီးယားတိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. HONG JOON PYO က အမှတ်တရစကား ပြန်လည်ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီ တွဲဖက်အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌတို့က ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ကြသည်။

ယင်းနောက် ကိုရီးယားရိုးရာအက၊ တေးဂီတနှင့် တိုက်ကွမ်ဒိုသရုပ်ပြအဖွဲ့က သရုပ်ပြသဖျော်ဖြေကြသည်။

ဆွေးနွေး

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ကိုရီးယား တိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. HONG JOON PYO ဦးဆောင်သည့် သရုပ်ပြအဖွဲ့ဝင်များ အားတွေ့ဆုံနှုတ်ဆက်ပြီး နှစ်နိုင်ငံ တိုက်ကွမ်ဒိုအားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက် (အဖိတ်နေ့)
၃၁-၅-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊တေးရေး- မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
- ၈:၀၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၁၀ ၈။ အကပြိုင်ပွဲ
- ၈:၁၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၂၅ ၁၀။ တေးဂီတအစီအစဉ်
- ၈:၄၀ ၁၁။ International News
- ၈:၄၅ ၁၂။ **ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲမှု**

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
- ၄:၂၅ ၃။ အတီးပြိုင်ပွဲ
- ၄:၄၀ ၄။ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၄:၅၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၅၅ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (အိမ်တွင်းစီးပွားအထူးပြု) (အိမ်တွင်းစီးပွား)
- ၅:၁၀ ၇။ **နိုင်ငံတကာနျူကလီးယားစွမ်းအင်များ**
- ၅:၂၀ ၈။ ရုပ်မြင်ရသတေးစုကဏ္ဍ
- ၅:၃၀ ၉။ **လူငယ်နှင့်ဆေးလိပ်အန္တရာယ်** (ကာဗွန်မိုနောက်ဆိုက်)
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၃၅ ၁၃။ ဆိုလိုက်ကြစို့
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ** (ဒုတိယတွဲ) (အပိုင်း-၃၆)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၁၉။ **ရယ်စရာဟာသများ**
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **နားခိုရာ** (အပိုင်း-၂)

ကွန်ပျူတာစနစ် အိမ်သုံးရေသန့်စက်များမှာယူနိုင်

ရန်ကုန် မေ ၃၀

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မေ ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့သော Monsoon Discount & Lifesyle Fair ပြပွဲတွင် ကွန်ပျူတာစနစ်သုံး KENT GRAND+ အိမ်သုံးရေသန့်စက်များ ပါဝင်ခင်းကျင်း ပြသခဲ့ရာ ရေသန့်စက်သည် RO နှင့် UV ရေသန့်စနစ် အဆင့်နှစ်ဆင့်ဖြင့် သန့်စင်ထားသောကြောင့် ရေထဲပျော်ဝင်နေသာ အညစ်အကြေးများကို ဖယ်ရှားပေးနိုင်ရုံသာမက လူသားအားလုံးအတွက် လိုအပ်သော သဘာဝဓာတ်သတ္တုများကို TDS Controller ဖြင့် ပြန်လည်ဖြည့်ဆည်းပေးနိုင်ကြောင်း သိရသည်။

ရေသန့်စက်နှင့်အတူ 8 Litre ဆံ့ ရေတိုင်ကီပါရှိသဖြင့် လျှပ်စစ်မီးမလာချိန်တွင်ပါ သောက်သုံးနေနိုင်မည်ဖြစ်ပြီး အဆိုပါ ရေသန့်စက်များသည် Micro-processor တပ်ဆင်ထားသည့် Computer Controller ဖြင့် ထိန်းချုပ်ထားကြောင်း၊ Filter ရေစစ်လဲရန်လိုအပ်လျှင်လည်းကောင်း၊ UV အလုပ်မလုပ်တော့လျှင်လည်းကောင်း၊ အချက်ပြ (Alarm) မြည်လာပြီး နာရီ ၆၀ ကြာသည်အထိ Filter မလဲပါက အလိုအလျောက်ရပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်နိုင်

အဆိုပါပစ္စည်းများကို မှာယူလိုပါက အာကာထွန်းကုမ္ပဏီလီမိတက် အမှတ် ၃၇ စမ်းချောင်းလမ်း စမ်းချောင်းမြို့နယ် ဖုန်း-၀၁-၅၁၀၆၃၇၊ ၀၉-၅၀၃၁၆၉၄နှင့် အရောင်းပြခန်းနှင့် ဆားဗစ်စင်တာ အမှတ်၁၀၅ ရွှေမီပရိဘောဂ သမိန်ဗရမ်းလမ်း တာမွေမြို့နယ် ဖုန်း-၀၁-၅၄၆၈၂၀၊ ၅၄၂၆၈၇ တို့ထံသို့ ဆက်သွယ်နိုင်ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

စာပေမြင့်မှ လူမျိုးတင့်မည်

ဝက်များတွင် ဖြစ်ပွားတတ်သော ရောဂါအကြောင်း ဟောပြော

ရန်ကုန် မေ ၃၀

ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာ/အခွန်၊ သစ်တော၊ အမျိုးသားစီမံကိန်းနှင့်မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဦးသန်းမြင့်နှင့် ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစိုးဝင်းတို့သည် မေ ၂၆ ရက် ညနေ ၄ နာရီက မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာရှိ ဝက်မွေးမြူရေးလုပ်ငန်းရှင် ဦးခင်မောင်မြင့်၏ ဝက်ခြံသို့ရောက်ရှိပြီး မှော်ဘီမြို့နယ် ဦးစီးမှူး ဒေါက်တာခင်နွဲ့ရီ၊ ဒုတိယဦးစီးမှူးများနှင့် ဝက်မွေးမြူသူ ၃၅ ဦးအား တွေ့ဆုံ၍ ဝက်နားရွက်ပြာရောဂါအပါအဝင် ဝက်များတွင်ဖြစ်ပွားတတ်သော ကူးစက်ရောဂါများအကြောင်း ပညာပေးဟောပြောသည်။

ဆက်လက်၍ ဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး **(အပေါ်ပုံ)** ဝက်ခြံများ ပိုးသတ်ဆေးဖျန်းခြင်းကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် မွေး/ကု)**

သာကေတမြို့နယ် (၂)ရပ်ကွက် အနော်မာ ၂၁ လမ်း အမှတ် (၄၀) နေ ဦးကြီးမြင့် (မြန်မာစာ) နှစ်နှစ်ပြည့်အား ရည်စူး၍ ဒေါ်ဖြူဖြူ မိသားစုက ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလုထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်း လူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေးနှင့် အဖွဲ့ဝင် ဦးမောင်မောင်အောင်တို့ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

တိရစ္ဆာန်များတွင်ဖြစ်ပွားသော ရောဂါများအကြောင်းဟောပြော

ကောလင်း မေ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ရုံး ဇာတိမာန်ခန်းမ၌ မေ ၁၈ ရက် မွန်းလွဲ ၂ နာရီက တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ရောဂါများအကြောင်း ပညာပေးဟောပြောပွဲ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်က အမှာစကား ပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာသန်းထိုက်က တိရစ္ဆာန်များတွင် အဖြစ်များသော ကျွဲ၊ နွားထောင့်သန်းရောဂါ၊ခွာနာလျှာနာရောဂါ၊ ကြက်လည်လိမ်ရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါတို့၏ လက္ခဏာ၊ ကူးစက်မှုအန္တရာယ်၊ ကာကွယ်ကုသနည်းများကိုလည်းကောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းအောင်က ဝက်နားရွက်ပြာရောဂါ အကြောင်းကိုလည်းကောင်း ဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(၀၉၂)**

စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်

ရန်ကုန် မေ ၃၀

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင်၏ ၂၀၁၁-၂၀၁၂ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်တာဝန်များပေးအပ်ပွဲ အခမ်းအနားကို မေ၂၄ရက် နံနက် ၉ နာရီခွဲက အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်က မြို့နယ်အုပ်ချုပ်ရေးမှူးများအား စီမံကိန်းရည်မှန်းချက်တာဝန်များကို ခွဲဝေပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** (၀၂၅)

မြေကြီး၊ မြေပုံနှင့် မြေစာရင်းမှန်ကန်ရေး လားရှိုးမြို့၌ ကွင်းဆင်းစစ်ဆေး

လားရှိုး မေ ၃၀

ရှမ်းပြည်နယ်လားရှိုးခရိုင် လားရှိုးမြို့နယ်တွင် ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး (စီမံရေးရာ) ဦးသိန်းဝင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်နယ်မြေစာရင်း ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွဋ်နှင့်တာဝန်ရှိသူများသည် မေ ၁၃ ရက်က လားရှိုးမြို့နယ်မယ်ဟန် ကျေးရွာအုပ်စု ကွင်းအမှတ် (၉၇) နမ့်ခိုက်ကွင်းနှင့် ကွင်းအမှတ်(၉၈) ကောင်းခါးကွင်းတို့တွင်မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့်သီးနှံ စိုက်ဧက မှန်ကန်ရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။ **(အပေါ်ပုံ)**

လားရှိုးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုပေါင်း ၇၈ အုပ်စု၊ ရပ်ကွက်ပေါင်း ၁၂ ရပ်ကွက်တို့မှ ကွင်းပေါင်း ၂၉၈ ကွင်းနှင့်အကွက်ပေါင်း ၁၃၃ ကွက်တို့တွင် မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧကမှန်ကန်ရေးလုပ်ငန်းများကို ဧပြီ ၆ ရက်မှ စတင်၍ ဆောင်ရွက်လျက်ရှိရာ မေ၃၀ ရက်တွင် ပြီးစီးမည်ဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မအူပင်မြို့ မြို့မဈေးရှေ့ ကမ်းနားလမ်းတစ်လျှောက် ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းကို မေ၂၂ရက်က ဒုတိယဦးစီးမှူး (ဈေး) ဦးကျင်စိုးနှင့်အဖွဲ့ ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုး ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံကြီးအတွက် ငွေကျပ်သိန်း ၃၁၀ တန်အရေးပေါ်လူနာတင်ယာဉ် တစ်စီးကို HSL Constructor Pte Ltd. နှင့် Coastal Engineering & Construction ကုမ္ပဏီတို့က လှူဒါန်းရာ ခရိုင်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဝင်းကျော် လက်ခံယူစဉ်။ (ကျန်းမာရေး)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း Language Lab ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

*** ကျောဖုံးမှ**

(၂၅)ရွာကို ခွဲဝေစိုက်ပျိုးသွားရန် စီစဉ်ထားပြီး လမ်းဘေးဝဲယာနှင့် ဌာနဆိုင်ရာများ၊ပြည်သူများ၏ စိုက်ပျိုးမှုများဖြင့် ပျိုးပင် ၁၂ သိန်း စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း။

ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီပင်များ၊ ကံ့ကော်၊ ခရေ၊ ရေတမာ၊ ပုန်းညက်ပင်များအပြင် အကြီးမြန်ပြီး ပြည်သူများ နှစ်သက်သဘောကျသည့် ယူကလစ်ပင်များကို အများဆုံး ဖြန့်ဝေပေးမည်ဖြစ်ပါကြောင်း။

ဌာနဆိုင်ရာ စိုက်ခင်းအနေဖြင့် လှည်းကူးမြို့နယ်နှင့် တိုက်ကြီးမြို့နယ်ကြိုးဝိုင်းများအတွင်း စီးပွားရေးကျွန်းစိုက်ခင်း ဧက ၁၀၀၀၌ အပင်ပေါင်း ၅၄၀၀၀၀ ကိုလည်း ယခုနှစ် မိုးရာသီတွင် စိုက်ပျိုးသွားမည် ဖြစ်ပါကြောင်း။

ယခုနှစ် မိုးရာသီတွင် ပုဂ္ဂလိက ကျွန်းစိုက်ခင်း ဧက ၁၁၅၀ နှင့် ပုဂ္ဂလိက သစ်မာစိုက်ခင်း ဧက ၂၀၀ကို စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း။

ထို့အပြင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက အပင်သုံးသိန်းခန့်နှင့် စည်ပင်သာယာရေးအဖွဲ့များကလည်း အပင်သုံးသိန်းခန့် စိုက်ပျိုးသွားမည်ဖြစ်သည့်အတွက် ယခုနှစ် မိုးရာသီတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ စိုက်ပျိုးမည့် သစ်ပင်ပေါင်း သိန်း ၃၀ခန့် ရှိမည်ဖြစ်ပါကြောင်းဖြင့် တင်ပြသည်။

ပျိုးပင်များပေးအပ်

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား စိုက်ပျိုးရမည့် ပျိုးပင်များကို ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအား ပျိုးပင်များကို ပေးအပ်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က မဟော်ဂနီ၊ တရုတ်တည်၊ ကံ့ကော်၊ ပိတောက်၊ ခရေပင်များကို စိုက်ပျိုးပေးကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများကလည်း သစ်ပင်များကို စိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၏ ကျွန်းပင်များ စိုက်ပျိုးနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းအပ်နှံရေး သီတင်းပတ်အစီအစဉ်အရ Grade 1 မှ Grade 11 အထိ အတန်းအသီးသီး၌ ကျောင်းသား ကျောင်းသူများ၏ ကျောင်းအပ်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်နှံနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ကျောင်းအားကစားကွင်း၌ ကျောင်းသား ကျောင်းသူများ ဟော်ကီ၊ ဘောလုံးနှင့် ဘတ်စကက်ဘော ကစားနေမှုများကို ကြည့်ရှုအားပေးကြပြီး သိပ္ပံလက်တွေ့ခန်း၊ Language Lab နှင့် ကျောင်းဆောင်များ၊ စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာသက်သက်စံက လိုက်လံရှင်းလင်းပြသပြီး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ဖြည့်စွက်တင်ပြသည်။

ရှင်းလင်းပြသ

ထို့နောက် သုံးထပ်ကျောင်းဆောင်သစ်နှင့် အားကစားရုံသစ် ပုံစံငယ်တို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ယူတည်ဆောက်သည့် JM Co. မန်နေဂျင်းဒါရိုက်တာနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် သုံးထပ်ကျောင်းဆောင်သစ်၏ စာသင်ခန်းများ ဖွဲ့စည်းထားမှု၊ ကျောင်းသုံးပရိဘောဂများ ဖြည့်ဆည်းထားမှု၊ သန့်စင်ခန်းများ စနစ်တကျထည့်သွင်း တည်ဆောက်ထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မေးမြန်းမှာကြား

ထိုမှတစ်ဆင့် လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာသိင်္ဂီကျော်က ကျောင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းမှာကြားသည်။

ဆက်လက်၍ Multi Media Class R
နှင့် အိမ်တွင်းမှုခန်းများကို ကြည့်ရှုစစ်ဆေးရ
သင်ကြားတတ်မြောက်မှု စွမ်းရည်များ၊ အ
တတ်မြောက်မှုများကို ပြသကြသည်။

ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် နံန
ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တ
ကြပြီး ကျောင်းအပ်နှံနေမှုများကို ကြည့်ရှုစစ်ဆ
ဒေါက်တာအောင်ကိုကိုနှင့် ဆရာ ဆရာမမ
သည်။

ထို့နောက် Language Lab ကို ဝင်
ကျောင်းသား ကျောင်းသူများ၏ သင်ကြားတတ
မေးမြန်းအားပေးသည်။

ဆက်လက်၍ ကျောင်းကျန်းမာရေးအဖွ
အာဟာရဖွံ့ဖြိုးမှု ရက်သတ္တပတ်ဆုရ အထက်တန်
စာစီစာကုံးများ၊ ကျန်းမာရေးသီတင်းပတ် အ
puter Lab နှင့် အနုပညာပြခန်းတို့ကို လှည့်လ

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယသမ္မတသည် ကျန်း
ကျောင်းစားသောက်ဆိုင်များကို လည်းကောင်း၊
စာသင်ခန်းများကိုလည်းကောင်း လှည့်လည်

ထောက်ပံ့ပေးအပ်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မရမ်းကုန်းမြို့နယ် မလိခလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးကလေးများ သင်တန်းကျောင်းမှ ကျောင်းသူလေးများအတွက် ကျောင်းဝတ်စုံများကို ထောက်ပံ့ပေးအပ်စဉ်။ (သတင်းစဉ်)

ဒေါက်
ရန်ကု
ခုနှစ်
ပွဲ၌
လူမှု
ကျွန်း
ကြည့်



ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ကျောင်းကျန်းမာရေးခန်း၊ ကျောင်းအပ်နှံနေမှုများ၊ ကျောင်းဈေးဆိုင်များနှင့် စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်
ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းတွင်
စားခန်းကို ကြည့်ရှုစစ်ဆေးစဉ်။

ဆက်လက်၍ Multi Media Class Room၊ Language Lab နှင့် အိမ်တွင်းမှုခန်းများကို ကြည့်ရှုစစ်ဆေးရာ ကျောင်းသူလေးများက သင်ကြားတတ်မြောက်မှု စွမ်းရည်များ၊ အိမ်တွင်းမှု အချုပ်အလုပ် တတ်မြောက်မှုများကို ပြသကြသည်။

ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကြပြီး ကျောင်းအပ်နှံနေမှုများကို ကြည့်ရှုစစ်ဆေးကြရာ ကျောင်းအုပ်ကြီး ဒေါက်တာအောင်ကိုကိုနှင့် ဆရာ ဆရာမများက ရှင်းလင်းပြသကြသည်။

ထို့နောက် Language Lab ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများ၏ သင်ကြားတတ်မြောက်မှု စွမ်းရည်များကို မေးမြန်းအားပေးသည်။

ဆက်လက်၍ ကျောင်းကျန်းမာရေးအဖွဲ့ လှုပ်ရှားမှုဓာတ်ပုံများ၊ အာဟာရဖွံ့ဖြိုးမှု ရက်သတ္တပတ်ဆုရ အထက်တန်း၊ အလယ်တန်း၊ မူလတန်း စာစီစာကုံးများ၊ ကျန်းမာရေးသီတင်းပတ် အထိမ်းအမှတ်ပြခန်း၊ Computer Lab နှင့် အနုပညာပြခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယသမ္မတသည် ကျန်းမာရေးနှင့် ညီညွတ်သော ကျောင်းစားသောက်ဆိုင်များကို လည်းကောင်း၊ ကျောင်းတွင်းဆေးကုခန်းနှင့် စာသင်ခန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ရန်ကုန်တိုင်းဒေသကြီး ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ၌ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ ကျွန်းပင်များ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ယင်းနောက် ရှင်းလင်းခန်းမ၌ ကျောင်းအုပ်ကြီး ဒေါက်တာအောင်ကိုကိုက ကျောင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက လိုအပ်သည်များကို မေးမြန်းမှာကြားသည်။

ထိုသို့ အခြေခံပညာအထက်တန်းကျောင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဥပဒေကို လေးစားလိုက်နာတတ်သည့် နိုင်ငံသူ နိုင်ငံသားများဖြစ်စေရန်အတွက် ငယ်စဉ်ကပင် ကျောင်းစည်းကမ်း၊ ရပ်ရွာစည်းကမ်းများကို လေးစားလိုက်နာသည့် အလေ့အကျင့်ကောင်းများ ကိန်းအောင်းရရှိရေး၊ အကျင့်စာရိတ္တ ကောင်းမွန်ရေးနှင့် ပြည်သူ့နီတိအလေ့အကျင့်များ ဖြစ်ထွန်းစေရန် သွန်သင်ပြသရေး၊ အခမဲ့ မူလတန်းပညာရေးစနစ် ဖြစ်ထွန်းအောင်မြင်ရေး၊ ကျောင်းသား ကျောင်းသူများအား စာပေပညာတတ်မြောက်ရုံသာမက ကျန်းမာကြံ့ခိုင်သူများ ဖြစ်စေရေးအတွက် အားကစားနှင့်ပညာရေး ပေါင်းစပ်ဆောင်ရွက်ပေးရေး၊ တစ်ကိုယ်ရေကျန်းမာရေး အလေ့အကျင့်ကောင်းများ ရရှိအောင် လေ့ကျင့်ပေးရေး၊ ကျောင်းသားများ၏ အင်္ဂလိပ်စာတတ်မြောက်မှု စွမ်းရည်မြင့်မားရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်ရေး၊ သင်ကြားမှု အရည်အသွေးနှင့် စည်းကမ်းကောင်းမွန်သည့် ကျောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရေး၊ အခြေခံပညာရည်အဆင့် အရည်အသွေးမီရုံသာမက အဆင့်မြင့်ပညာများကို အရည်အသွေးရှိရှိ ဆက်လက်သင်ယူနိုင်သူများ ဖြစ်သည်အထိ လေ့ကျင့်သင်ကြားပေးရေး၊ ပညာမြင့်မှ လူမျိုးတင့်မည် ဆိုသည့်အတိုင်း အမျိုးသားပညာရည်မြင့်မားရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ ဆရာ ဆရာမများ၏ အရည်အသွေးပြည့်ဝရေးတို့ကို မှာကြားသည်။

ကြိုဆို

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီတွင် မရမ်းကုန်းမြို့နယ် မလိခလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးကလေးများ သင်တန်းကျောင်းသို့ ရောက်ရှိရာ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်က သင်တန်းကျောင်း၏ ဝန်ထမ်းအင်အား၊ လက်ခံသည့်

ကုံကော်ပင် စိုက်ပျိုး

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ရန်ကုန်တိုင်းဒေသကြီး ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ၌ ကုံကော်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

သင်တန်းကျောင်း ပြောင်းရွှေ့ဖွင့်လှစ်သည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက လိုအပ်သည်များကို အကြံပြုဆွေးနွေး မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် သင်တန်းကျောင်းမှ ကျောင်းသားများအတွက် ကျောင်းဝတ်စုံများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတသည် ကျောင်းသားများ ထမင်းစားခန်း၊ အိပ်ဆောင်နှင့် ဆေးခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

အမျိုးသမီးကလေးများ သင်တန်းကျောင်းနှင့် ကျိုက်ဝိုင်းလူငယ် သင်တန်းကျောင်းတို့၌ ကလေးပြုစုရေးဌာနများမှ အသက် (၅)နှစ်ပြည့်ပြီး ပြောင်းရွှေ့ပို့အပ်လာသူများ၊ အသက်(၆)နှစ်မှ (၁၈)နှစ်အထိ ကာကွယ်စောင့်ရှောက်မှုလိုအပ်သော ကလေးများအား လက်ခံစောင့်ရှောက်ပြီး အမျိုးသမီးကလေးများ သင်တန်းကျောင်း၌ အမျိုးသမီးငယ် ၂၅၇ ဦး၊ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း၌ လူငယ် ၁၅၉ ဦးအား ထိန်းသိမ်းစောင့်ရှောက် လက်ခံထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဒေါက်တာစိုင်းမောက်ခမ်း မရမ်းကုန်းမြို့နယ် ဦးစီးဌာန အမျိုးသမီးကလေးများ သင်တန်း လေးများအတွက် ကျောင်းဝတ်စုံများကို (သတင်းစဉ်)

ကလေးအမျိုးအစား၊ ထိန်းသိမ်းစောင့်ရှောက်ထားမှုများ၊ သင်တန်းကျောင်း၏ နေ့စဉ်ဆောင်ရွက်မှု အချိန်ဇယား၊ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွင်း ပညာသင်ကြားမှုအခြေအနေ၊ ပညာရည်တိုးတက်စေရန် ဆောင်ရွက်ပေးမှုများ၊ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးမှုနှင့် အလုပ်အကိုင်နေရာချထားပေးမှု၊ နေ့စဉ်ကျွေးမွေးမှုရန်ပုံငွေ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က သင်တန်းကျောင်းနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် ဒုတိယသမ္မတက လိုအပ်သည်များကို မေးမြန်းမှာကြားပြီး သင်တန်းကျောင်းမှ ကျောင်းသူလေးများအတွက် ကျောင်းဝတ်စုံများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတသည် အိပ်ဆောင်ကိုကြည့်ရှုစစ်ဆေးပြီး ကျောင်းသူလေးများအား အားပေးကာ ထမင်းစားဆောင်ကိုလည်း ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ထိုမှတစ်ဆင့် ကျိုက်ဝိုင်းဘုရားလမ်းရှိ ကျိုက်ဝိုင်းလူငယ် သင်တန်းကျောင်းသို့ သွားရောက်ကြရာ အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်က သင်တန်းကျောင်း နောက်ခံသမိုင်း၊ သင်တန်းကျောင်း၏ ရည်ရွယ်ချက်၊ ဝန်ထမ်းအင်အား၊ ကျောင်းသားများနှင့်စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြသည်။

အကြံပြုဆွေးနွေး

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း ကျောင်းသားများ အခြေအနေ၊ ကမ္ဘာအေးစေတီလမ်းရှိ ကမ္ဘာအေးလူငယ်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကျိုက်ဝိုင်းဘုရားလမ်းရှိ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းတွင် ကျောင်းသားများ ထမင်းစားခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပျိုးပင်များ ပေးအပ်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်တိုင်းဒေသကြီး ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ၌ တာဝန်ရှိသူများအား စိုက်ပျိုးရမည့် ပျိုးပင်များကို ပေးအပ်စဉ်။ (သတင်းစဉ်)

ဆေးလိပ်ဆေးရွက်ကြီးအန္တရာယ် ကင်းဝေးဖို့၊ ဥပဒေစည်းကမ်း အလေးထားလို့၊ ပိုင်းဝန်းလိုက်နာဆောင်ရွက်စို့

ဒေါက်တာအောင်ထွဏ်း(ကျန်းမာရေးဝန်ကြီးဌာန)

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် နှစ်စဉ် မေလ ၃၁ ရက်နေ့အား ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ "World No Tobacco Day" အဖြစ် သတ်မှတ်၍ တစ်ကမ္ဘာလုံးတွင် ဆေးလိပ်တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။ ယခုနှစ်အတွက် ဆောင်ပုဒ်မှာ **"ဆေးလိပ်ဆေးရွက်ကြီး အန္တရာယ်ကင်းဝေးဖို့၊ ဥပဒေစည်းကမ်း အလေးထားလို့၊ ပိုင်းဝန်းလိုက်နာဆောင်ရွက်စို့"** (WHO Framework Convention on Tobacco Control) ဖြစ်ပြီး မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့ဆေးလိပ် မသောက်ရေးနေ့ အခမ်းအနားနှင့် လုပ်ငန်းစဉ်များကို နှစ်စဉ်ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့ဆေးလိပ်သောက်သုံးမှု

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ ယခုအခါ ကမ္ဘာပေါ်တွင် ဆေးလိပ်သောက်သုံးသူဦးရေ သန်းတစ်ထောင်ကျော်ရှိသည့်အနက် အများစုမှာ အာရှတိုက်မှ ဖြစ်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးမှုနှုန်းများ ကျဆင်းလျက်ရှိသော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆေးလိပ်သောက်သုံးသူဦးရေ တိုးတက်များပြားလျက်ရှိကြောင်း တွေ့ရှိရသည်။ အထူးသဖြင့် လူငယ်များနှင့် အမျိုးသမီးငယ်များတွင် သိသာစွာတိုးတက်များပြားလာသည်ကို တွေ့ရှိရသည်။

၂၀ ရာစုတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲမှုသည် လူပေါင်းသန်း ၁၀၀ ကို အသက်ဆုံးရှုံးစေခဲ့ပြီး ၂၁ ရာစုတွင် လူပေါင်းသန်းတစ်ထောင်ကို အသက်ဆုံးရှုံးစေမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ဆေးလိပ်သောက်သုံးမှု

မြန်မာနိုင်ငံတွင် ကျောင်းသားလူငယ်များ၏ ဆေးလိပ်သောက်သုံးမှု အခြေအနေကို သိရှိနိုင်ရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်း၍ အသက် ၁၃ နှစ်မှ ၁၅ နှစ်အတွင်း ကျောင်းသားလူငယ်များအတွင်း သုတေသနစစ်တမ်း (Global Youth Tobacco Survey-GYTS) ကို (၂၀၀၁၊ ၂၀၀၄၊ ၂၀၀၇)ခုနှစ်များတွင် စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့သည်။ အထက်ပါ သုတေသန တွေ့ရှိချက်များအရ မြန်မာကျောင်းသား လူငယ်များအတွင်း စီးကရက်သောက်သုံးမှုနှုန်းမှာ ၂၀၀၁ ခုနှစ် စစ်တမ်း (GYTS 2001)အရ ၈ တန်း၊ ၉ တန်း၊ ၁၀ တန်းကျောင်းသား၊ ကျောင်းသူများ၏ ၁၀ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၇ ခုနှစ် စစ်တမ်းအရ ၄ ဒသမ ၉ ရာခိုင်နှုန်းသို့ ကျဆင်းလာကြောင်း သိရှိရသည်။ သို့သော် ထူးခြားချက်တစ်ခုအနေဖြင့် ကျောင်းသားလူငယ်များအတွင်း ကွမ်းစားခြင်းကဲ့သို့ အခြားဆေးရွက်ကြီးထွက်ပစ္စည်း အသုံးပြုမှုမှာ ၂၀၀၁ ခုနှစ်တွင် ၅ ဒသမ ၇ ရာခိုင်နှုန်းမှ ၂၀၀၇ ခုနှစ်တွင် ၁၄ ဒသမ ၁ ရာခိုင်နှုန်းသို့ တိုးတက်များပြားလာသည်။

အလားတူ အသက်(၁၅)နှစ်အထက် အမျိုးသားများအတွင်း ဆေးလိပ်သောက်သုံးမှုနှုန်းသည်လည်း ၁၉၉၀ ဝန်းကျင်တွင် ၆၀ ရာခိုင်နှုန်းကျော်ရှိခဲ့ရာမှ ၂၀၀၁ ခုနှစ်တွင် ၄၂ ဒသမ ၉ ရာခိုင်နှုန်းမှ ၂၀၀၇ ခုနှစ်တွင် ၃၃ ဒသမ ၃ ရာခိုင်နှုန်းကျော်သာရှိကြောင်း တွေ့ရှိရသည်။ အမျိုးသမီးများတွင် ဆေးလိပ် သောက်သုံးမှုအနေနှင့် ၂၀၀၁ ခုနှစ်တွင် ၂၁ ဒသမ ၉ ရာခိုင်နှုန်းမှ ၂၀၀၇ ခုနှစ်တွင် ၁၅ ဒသမ သုည ရာခိုင်နှုန်းကျော်သာ ဆေးလိပ်သောက်သုံးလျက်ရှိကြောင်း တွေ့ရှိရသည်။

ဆေးလိပ်၊ ဆေးရွက်ကြီးအန္တရာယ်

ဆေးလိပ်၏ အခိုးအငွေ့များတွင် ဓာတ်ပစ္စည်းအမျိုးပေါင်း ၄၃၀၀ ကျော် ပါဝင်သည်။ ၎င်းအထဲတွင် လူများကို အန္တရာယ်ဖြစ်စေနိုင်သော (ကတ္တရာ၊ နီကိုတင်းကာဗွန်မိုနောက်ဆိုဒ်၊ ဘင်ဇင်း၊ အမိုးနီးယား) ဓာတ်များစွာ ပါဝင်သည်။ အဓိကပါဝင်သောပစ္စည်းမှာ နီကိုတင်းဖြစ်ပြီး လူကိုအလွန်စွဲလမ်းစေသောအရာ ဖြစ်သည်။ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ စီးကရက်၊ ဆေးရွက်ကြီးတို့ကို စတင်စမ်းသပ်သောက်သုံးကြည့်ရာမှ နီကိုတင်း၏ စွဲလမ်းစေသော အာနိသင်ကြောင့် တဖြည်းဖြည်းပို၍ စွဲလမ်းလာပြီး မသောက်ရမနေနိုင်အောင် ဖြစ်လာကြသည်။

ဆေးလိပ်၊ ဆေးရွက်ကြီးသည် သုံးစွဲသူတို့၏ ကိုယ်တွင်းရှိ အင်္ဂါအားလုံးလောက်နီးပါးကို ထိခိုက်စေသည်။ အဆုတ်ကင်ဆာ၊ ခံတွင်းကင်ဆာ၊ အသံအိုးကင်ဆာများအပြင် အစာမျိုပြွန်၊ ဆီးအိမ်၊ ကျောက်ကပ်၊ ပန်ကရိယ၊ အသည်း၊ သားအိမ်ခေါင်း၊ အစာအိမ်၊ အူမကြီး၊ စအိုလမ်းကြောင်းကင်ဆာများကိုလည်း ဖြစ်စေနိုင်သကဲ့သို့ သွေးကင်ဆာများလည်း ဖြစ်စေနိုင်ပေသည်။ ဆေးလိပ်သောက်သုံးခြင်းကြောင့် အဆုတ်ပွခြင်း၊ နာတာရှည် လေပြွန်ရောင်ရမ်းခြင်း စသော အဆုတ်နှင့် ပတ်သက်သည့်ရောဂါများ ပိုမိုဖြစ်ပွားစေနိုင်သည်။ ဆေးလိပ်သောက်သုံးသူနှင့်သူ၏ ပတ်ဝန်းကျင်တွင်လည်း ဆေးလိပ်ငွေ့ကို ရှူရှိုက်ရသည့်အတွက် လသားကလေးငယ်များ ရုတ်တရက် သေဆုံးခြင်း၊ အဆုတ်ရောဂါဖြစ်ခြင်း ကလေးများတွင် ရင်ကျပ်ပန်းနာဖြစ်ခြင်း၊ နားပြည်ယိုခြင်း၊ အဆုတ်ပြွန်ရောင်ခြင်း၊ လူကြီးများတွင် နှလုံးရောဂါနှင့် အဆုတ်ကင်ဆာဖြစ်ခြင်း၊ ရင်ကျပ်ပန်းနာဖြစ်ခြင်းတို့ ဖြစ်ပွားစေသည်။

ဆေးလိပ်၊ ဆေးရွက်ကြီးထွက် ပစ္စည်းအမျိုးမျိုးသည် ကျန်းမာရေးကိုသာမက လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ကျန်းမာရေးတို့ကိုပါ ထိခိုက်ပျက်စီး စေတတ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ ယခုနှစ်တွင် လူပေါင်း ငါးသန်းကျော်သည် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သုံးစွဲမှုကြောင့်ဖြစ်ပွားသော နှလုံးရုတ်တရက်ရပ်ခြင်း၊ လေဖြတ်ခြင်း၊ ကင်ဆာ၊ အဆုတ်ရောဂါများနှင့် အခြားရောဂါများကြောင့် သေဆုံးကြရပြီး ၎င်းသေဆုံးသူများတွင် သူတစ်ပါးဆေးလိပ်ငွေ့ရှူရှိုက်ရခြင်းကြောင့် သေဆုံးရသော လူပေါင်း ခြောက်သိန်းကျော် (လေးပုံတစ်ပုံကျော်မှာ ကလေးများဖြစ်သည်)မပါဝင်သေးပေ။ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသုံးစွဲမှု ကပ်ရောဂါသည် ၂၀၃၀ တွင် လူပေါင်း ရှစ်သန်းအထိ တိုးမြှင့်ရောက်ရှိနိုင်ပြီး နှစ်စဉ် သေဆုံးမှု ပိုမိုလာနိုင်သည်။

အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းတစ်ရပ်ကို အဖွဲ့ဝင်နိုင်ငံများက လေးနှစ်ကြာ ညှိနှိုင်းရေးဆွဲခဲ့ပြီး ၂၀၀၃ ခုနှစ် မေလတွင် ကျင်းပခဲ့သော (၅၆)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညီလာခံတွင် အဖွဲ့ဝင်နိုင်ငံအားလုံးက တညီတညွတ်တည်း အတည်ပြုခဲ့ကြသည်။ "ဆေးလိပ်နှင့် ဆေးရွက် ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း" သည် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲမှု ထိန်းချုပ်ခြင်းအတွက် ကမ္ဘာပေါ်တွင် အရေးအကြီးဆုံးသော ဆောင်ရွက်မှုအနက် တစ်ခုဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဦးဆောင်လှုပ်ရှားခဲ့သည့် ပထမဆုံး သဘောတူညီချက်ဖြစ်ပြီး ပြည်သူ့ကျန်းမာရေးဆောင်ရွက်မှု၏ တိုးတက်အောင်မြင်ခြင်း အမှတ်သင်္ကေတဖြစ်သည်။

၂၀၀၅ ခုနှစ်တွင်မှ စတင်အာဏာသက်ဝင်ခဲ့သော်လည်း ကမ္ဘာ့ကုလသမဂ္ဂသမိုင်းတွင် လိုလိုလားလား လက်ခံသဘောတူခဲ့သည့် အမြန်ဆန်ဆုံး၊ အပျံ့နှံ့ဆုံး သဘောတူညီချက်ဖြစ်ပြီး နိုင်ငံပေါင်း ၁၇၂ နိုင်ငံကျော် ပါဝင်ခဲ့သည်။ လူသားများ အမြင့်ဆုံးကျန်းမာရေးခံစားခွင့်ကို ထောက်ခံနေသော ယုံကြည်အားထားရသည့် သဘောတူညီချက်ဖြစ်ပြီး ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲမှု ထိန်းချုပ်ခြင်း ပူးပေါင်းဆောင်ရွက်မှုအတွက် ဥပဒေနှင့် ပတ်သက်သည်တို့ကို အကူအညီ ထောက်ပံ့ပေးသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်ခဲ့သော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းရေးဆွဲရေးအဆင့်များတွင် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ အစဉ်တစိုက် ဆွေးနွေးခဲ့ကြသည့်အပြင် စတုတ္ထအကြိမ်မြောက် အရှေ့တောင်အာရှဒေသတွင်း ညှိနှိုင်းအစည်းအဝေးကိုလည်း မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံ ကျင်းပခဲ့ပါသည်။ ဤကွန်ဗင်းရှင်းကို မြန်မာနိုင်ငံမှ ၂၀၀၃ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၄ ခုနှစ် ဧပြီ ၂၀ ရက်တွင် တည်ပြုခဲ့ပါသည်။ မြန်မာနိုင်ငံအနေနှင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း ထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းကို အတည်ပြုသည့် ၁၁ နိုင်ငံမြောက် နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ဂုဏ်ယူဝင့်ကြွားဖွယ် ဖြစ်ခဲ့ပါသည်။

မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ သုတေသနပညာရှင်များသည် ကမ္ဘာ့ဆေးလိပ်တိုက်ဖျက်ရေး ညီလာခံများတွင် မြန်မာနိုင်ငံ၏ ဆေးလိပ်တိုက်ဖျက်ရေးလုပ်ငန်း ဆောင်ရွက်မှုစာတမ်းများအား စဉ်ဆက်မပြတ် တင်သွင်းခဲ့ရာတွင် ၂၀၁၀ ခုနှစ် အောက်တိုဘာ ၆ ရက်မှ ၉ ရက်အတွင်း ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် ကျင်းပခဲ့သည့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ဆေးလိပ်တိုက်ဖျက်ရေးညီလာခံ ၂၀၁၀ တွင် မြန်မာနိုင်ငံ၌ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းအရ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအား ကြီးကြပ်စောင့်ကြည့်ခြင်း သုတေသနစာတမ်း Linking global youth tobacco survey(GYTS) data to the WHO Framework Convention on Tobacco Control(FCTC):the case for Myanmar အား တင်သွင်းနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေ

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာသည့်အလျောက် ကွန်ဗင်းရှင်းပါအချက်အလက်များကို အခြေခံသည့် ဆေးလိပ် ဆေးရွက်ကြီးသုံးစွဲမှု ထိန်းချုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရန် တာဝန်ရှိသည်နှင့်အညီ နိုင်ငံတော်အစိုးရအနေနှင့် ၂၀၀၆ ခုနှစ် မေ ၄ရက်မှ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် (၅/၂၀၀၆)အဖြစ် ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါဥပဒေတွင် ကွန်ဗင်းရှင်းပါနေရာများ သတ်မှတ်ခြင်း၊ ဆေးလိပ်ကြော်ငြာများကို လုံးဝပိတ်ပင်တားမြစ်ခြင်း၊ အရွယ်မရောက်သေးသော ကလေးသူငယ်များအား ဆေးလိပ်ရောင်းချမှုကို တားမြစ်ခြင်း၊ ဆေးလိပ် ထုပ်ပိုးရာတွင် ကျန်းမာရေးသတိပေးချက်ပါရှိစေခြင်း စသည်တို့ ပါဝင်ပါသည်။

ဥပဒေအရ ဆေးလိပ်ကြော်ငြာခြင်းကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ကြော်ငြာခြင်းကို ခွင့်မပြုသလို ဆေးလိပ်အရောင်းမြှင့်တင်ရေးအတွက် Sponsor လုပ်ခြင်းကိုလည်း ပိတ်ပင်တားမြစ်ထားပါသည်။ ဆေးလိပ်၊ ဆေးတံများ၊ အမှတ်အသားများကို သွယ်ဝိုက်ကြော်ငြာအသုံးပြုခြင်းကိုလည်း ပြုလုပ်ခွင့်မပြုပါ။ ဥပဒေသည် ၂၀၀၇ ခုနှစ် မေလ ၄ ရက်နေ့မှာ စတင် အာဏာသက်ဝင်ပြီးဖြစ်သည့်အတွက် သက်ဆိုင်ရာဌာနများအနေနှင့် ဌာနအလိုက် ညွှန်ကြားချက်များထုတ်ပြန်သွားကြရန် လိုအပ်လာမည်ဖြစ်ပါသည်။

ဆေးလိပ်သောက်သူ အများစုသည် ကလေးသူငယ်ဘဝတွင် ဆေးလိပ်ကို စတင်သောက်သုံးရင်းနှင့် စွဲလမ်းသွားခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဆေးလိပ်ကို အသက် ၁၈ နှစ်အောက် ကလေးသူငယ်များကို ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ကလေးသူငယ်များကို ဆေးလိပ်ရောင်းချဖြန့်ဖြူးရာတွင် စေခိုင်းခြင်းတို့ကို တားမြစ်ထားသည့်အပြင် ကျောင်းများ၏ ပေ ၁၀၀ အတွင်း ဆေးလိပ်ရောင်းချခြင်းတို့ကို တားမြစ်ထားပါသည်။

အများပြည်သူတို့ သူတစ်ပါး ဆေးလိပ်ငွေ့ရှူရှိုက်ရခြင်းအန္တရာယ်မှ ကင်းဝေးစေရန်အတွက် ဆေးလိပ်လုံးဝ သောက်ခွင့်မရှိသော နေရာများနှင့် အကန့်အသတ်ဖြင့် ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာများတို့ကို ဥပဒေတွင် အသေးစိတ်ဖော်ပြထားရှိပါသည်။ ဥပဒေကို တိကျစွာလိုက်နာစေရန်နှင့် ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူနိုင်ရန်အတွက် ပြည်သူများကို ကျယ်ကျယ်ပြန့်ပြန့်အသိပေးခြင်း၊ ဌာနဆိုင်ရာများက လိုအပ်သည့် ညွှန်ကြားလွှာများထုတ်ပြန်ပေးခြင်း၊ ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုခြင်းတို့ကို ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံဆေးလိပ်နှင့် ဆေးရွက်ကြီးတိုက်ဖျက်ရေး

ကျန်းမာရေးဝန်ကြီးဌာနသည် ကျန်းမာရေးဦးစီးဌာနတွင် မြန်မာနိုင်ငံဆေးလိပ်၊ ဆေးရွက်ကြီးကင်းဝေးရေးစီမံချက်ကိုလည်းကောင်း၊ ၂၀၀၃ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဆေးလိပ်ကင်းစင်ရေးကျောင်းထူထောင်ရေးစီမံချက်ကိုလည်းကောင်း၊ ၂၀၀၉ ခုနှစ်တွင် ဆေးလိပ်ကင်းစင်သောလူငယ်များပျိုးထောင်ရေးစီမံချက်များကိုလည်းကောင်း ချမှတ်ဆောင်ရွက်ခဲ့ပါသည်။

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနအနေနှင့် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းအမျိုးမျိုးဖြစ်သော စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံ၊ ပြောင်းဖူးဖက်လိပ်၊ ကွမ်းဖက်လိပ် စသည်တို့နှင့် ဆေးပါသော ကွမ်းစားခြင်း၊ ဆေးရွက်ကြီးငုံခြင်း အစရှိသော ဆေးရွက်ကြီးထွက် ပစ္စည်းအမျိုးမျိုးသောက်သုံးခြင်း၏ ဆိုးကျိုးများကို လူငယ်၊ လူရွယ်များနှင့် လုပ်သားပြည်သူများ သိမြင်သဘောပေါက် ရှောင်ကြဉ်နိုင်စေရန်အတွက် ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများကို အစဉ်တစိုက်ဆောင်ရွက်ခဲ့ပါသည်။ ထင်ရှားသော မှတ်တိုင်များအနေနှင့် ဆေးလိပ်ကြော်ငြာဆိုင်းဘုတ်များကို ကန့်သတ်ပိတ်ပင်တားမြစ်ခြင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များအားလုံးတွင် ဆေးလိပ်ကြော်ငြာများ ထည့်သွင်းခွင့်မပြုခြင်း၊ ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ စာသင်ကျောင်းများအား ဆေးလိပ်မသောက်ရနယ်မြေအဖြစ် သတ်မှတ်ခြင်း စသည်တို့ကို ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

ယခုအခါ မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ နီးနွယ်ဌာနများ၊ ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ ပူးပေါင်း၍ ဆေးလိပ်သုံးစွဲမှု ထိန်းချုပ်ရေးရှေ့ဆောင်လုပ်ငန်းများနှင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေပါအချက်အလက်များ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးကို တက်ကြွစွာ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂၀၁၁ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ပြီး မွန်းလွဲပိုင်းတွင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပညာရှင်များပါဝင်၍ ဆေးလိပ်သုံးစွဲမှု ထိန်းချုပ်ရေးရှေ့ဆောင်လုပ်ငန်းများနှင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေပါအချက်အလက်များ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ကျင်းပမည်ဖြစ်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း ၂၀၁၁ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပကြမည် ဖြစ်ပါသည်။

၂၀၁၁ ခုနှစ်အတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်ပူးပေါင်း၍ 2011 Global Youth Tobacco Survey-GYTS နှင့် A study on effectiveness of School Tobacco Control Programme သုတေသနများကိုလည်းကောင်း၊ ကျောင်းပြင်ပ ဆယ်ကျော်သက်လူငယ်များအတွက် Tobacco Free Youths Programme ကိုလည်းကောင်း ဆက်လက်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။

စုပေါင်းကာကွယ် ဆေးလိပ်အန္တရာယ်

သို့ဖြစ်၍ ကျောင်းသားလူငယ်များအပါအဝင် မိဘဆရာ၊ ပြည်သူတစ်ရပ်လုံးသည် နိုင်ငံတော်အစိုးရ၏ဦးဆောင်မှု၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်ဌာနအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၏ ပူးပေါင်းကူညီမှုတို့ဖြင့် မိမိတို့ မိသားစုအတွင်း၊ ကျေးရွာအတွင်း၊ ရပ်ကွက်အတွင်း၊ ကျောင်းအတွင်းမှသည် တစ်နိုင်ငံလုံးတွင် ဆေးလိပ်အန္တရာယ်ကင်းဝေးရေးအတွက် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေပါ အချက်အလက်များနှင့် အောက်ပါအချက်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် လိုက်နာဆောင်ရွက်သွားကြရန် အကြံပြုအပ်ပါသည်-

❐ **ဆရာနှင့် လူကြီးမိဘ အုပ်ထိန်းသူများဘက်မှလည်း ကျောင်းသားလူငယ်များအတုမြင်အတတ်ရ မဖြစ်စေရန် ကိုယ်တိုင်ဆေးလိပ်မသောက်ခြင်း၊ ကလေးများအား ဆေးလိပ်မီးမညှိခိုင်းခြင်း၊ ဆေးလိပ်မဝယ်ခိုင်းခြင်း၊ ဆေးလိပ်သောက်ခြင်းအန္တရာယ်ကို ရှင်းပြ၍ ဆေးလိပ်သောက်ခြင်းကို တားမြစ်ခြင်း၊ ကျောင်းသား လူငယ်များ ဆေးလိပ်သောက်ခြင်းရှိ၊ မရှိ၊ အိမ်၊ ကျောင်း၊ လမ်းနှင့် ပတ်ဝန်းကျင်တို့တွင် လေ့လာတားမြစ်ခြင်းများကို ပြုလုပ်နေသင့်ပါသည်။ ထို့ပြင် ကျောင်းသားလူငယ်များ အပေါင်းအသင်းမှားရေး၊ မကောင်းမှုများအတုမယူရေး၊ စိတ်ဓာတ်ခိုင်မာရေးတို့အတွက် ငယ်စဉ်ကပင် ဂရုတစိုက်ဆုံးမပြုပြင်ပေးသင့်ပါသည်။ အားလပ်ချိန်များတွင် မိမိတို့ရင်သွေးများအား လူမှုရေးနှင့် ဘာသာရေးလုပ်ငန်း၊ အားကစားလုပ်ငန်း၊ ဖွံ့ဖြိုးရေးသင်တန်းများ ဆောင်ရွက်စေသင့်သည်။ စာဖတ်ဝါသနာပါအောင် လေ့ကျင့်ပေးခြင်း နည်းလမ်းဖြင့်လည်း စိတ်မလေစေရန် စိတ်ဓာတ်ကြံ့ခိုင်စေရန် ပျိုးထောင်ပေးနိုင်ပါသည်။ မိမိသားသမီးတပည့်များ ဆေးလိပ်စွဲနေပါကလည်း ဖြတ်ရန်စည်းရုံးဆောင်ရွက်ပေးသင့်ပါသည်။ ဆေးလိပ်အန္တရာယ်ဆိုင်ရာ ဟောပြောပွဲများကိုလည်း ရပ်ကွက်၊ ကျောင်း၊ အတန်းများတွင် အခါမလပ် ပြုလုပ်ပေးသင့်ကြသည်။**

❐ **ကျန်းမာရေးဝန်ထမ်းများကလည်း မိမိတို့ကိုယ်တိုင် ဆေးလိပ်မသောက်ဘဲ ဆေးလိပ်သောက်သူများအား ဖြတ်နိုင်ရန် စည်းရုံးကူညီပေးသင့်သည်။ ဆေးလိပ်အန္တရာယ် ပညာပေးမှုများကိုလည်း တစ်ဦးချင်းသာမက အုပ်စုအလိုက်ပါ အခါအခွင့်သင့်တိုင်း ပြုလုပ်သင့်သည်။ အထူးသဖြင့် စာသင်ကျောင်းများတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများဆောင်ရွက်စဉ် ဆေးလိပ်အန္တရာယ် ကာကွယ်ရေးလုပ်ငန်းများကို ဆရာနှင့် ကျောင်းသားများအား စည်းရုံးပညာပေးသင့်သည်။ သက်ဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာန ဦးစီးဌာနအဆင့်ဆင့်မှ လမ်းညွှန်သော ဆေးလိပ်ထိန်းချုပ်ရေး အစီအစဉ်များ၊ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် ဆိုင်ရာလုပ်ငန်းများကို မပျက်မကွက် ဆောင်ရွက်သင့်၏။**

❐ **လူငယ်များသည်လည်း ဆေးလိပ်ကို လုံးဝရှောင်ကြရန်၊ အစမ်းသဘောမျိုးဖြင့် မသောက်သုံးမိစေရန် အလွန်အရေးကြီးပါသည်။ အစရှိ တနှောင်နှောင်ဆိုသကဲ့သို့ စမ်းရင်းက စွဲသွားတတ်ပါသည်။ ဆေးလိပ်နှင့် ဆက်စပ်နေသော မူးယစ်ဆေးဝါးနှင့် အရက်တို့ကိုလည်း ရှောင်ရှားကြပါကုန်။ ဆေးလိပ်စသောက်တတ်သော လူငယ်များသည် ဆေးလိပ်ကိုအမြန်ဖြတ်ရန် ကြိုးစားသင့်ကြ၏။ မိမိပတ်ဝန်းကျင်နှင့် သူငယ်ချင်းများ ဆေးလိပ်သောက်နေလျှင်လည်း ဆေးလိပ်ဖြတ်ရန် စည်းရုံးပြီး ကျောင်းအားချိန်တွင် အားကစားလုပ်ငန်း၊ လူမှုရေးလုပ်ငန်းနှင့် ဘာသာရေးယဉ်ကျေးမှု သင်တန်းများတက်ခြင်းတို့ကို ဆောင်ရွက်သင့်ကြပါကြောင်း။ ။**

နိုင်ငံတကာအားကစား

ဂျာမနီနှင့် ဥရုဂွေးအသင်းတို့ ခြေစမ်းပွဲကစားရာ ဂျာမနီက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိ

ဘာလင် မေ ၃၀

ဂျာမနီနှင့် ဥရုဂွေး ဘောလုံးအသင်းတို့ ချစ်ကြည်ရေး ခြေစမ်းပွဲအဖြစ် ဂျာမနီနိုင်ငံ စင်ရှန်းမြို့၌ မေ ၂၉ ရက်က ယှဉ်ပြိုင်ကစားရာ ဂျာမနီအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဂျာမနီအသင်းအတွက်

✡ မောင်မောင်မြင့်ဆွေ ——— ရေးသားသည် ✡

ဂိုးများကို တိုက်စစ်မှူး မာရီယိုဂိုမက်ဇ်နှင့် အင်ဒရီစလူရာရီတို့က သွင်းယူပေးခဲ့ကြခြင်းဖြစ်သည်။ အဖွင့်ဂိုးကို ပွဲချိန် ၁၉ မိနစ်၌ တိုက်စစ်မှူး ဂိုမက်ဇ်က သွင်းယူပေးခဲ့ပြီး ဒုတိယဂိုးကို လူငယ်တိုက်စစ်မှူး အင်ဒရီစလူရာရီက သွင်းယူ ပေးခဲ့ခြင်းဖြစ်သည်။ (ဓါတ်ပုံ)

ရရှိ

ဥရုဂွေးအသင်း ချေပဂိုးတစ်ဂိုးကို ကွင်းလယ်ကစားသမား ဝေါလ်တာဂါဂါဂိုက ဂျာမနီအသင်း ဂိုးဧရိယာအတွင်းမှ အနီးကပ်ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဥရုဂွေးအသင်းသည် ဂျာမနီအသင်းအား ခြေရည်တူကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်များစွာ ရရှိခဲ့သည်။

ပြောကြား

ဂျာမနီအသင်းသည် ၂၀၁၀ကမ္ဘာ့ဖလားပွဲအပြီး နိုင်ငံတကာပွဲများအဖြစ် ပထမဆုံး ချစ်ကြည်ရေးခြေစမ်းပွဲ၌ နိုင်ပွဲရရှိခြင်းဖြစ်သည်။ ဂျာမနီအသင်း နည်းပြဂျိုအာချင်လူးက ဥရုဂွေးအသင်း ကစားပုံကောင်းကြောင်း ပြောကြားသည်။ ဂျာမနီအသင်းသည် ယူရိုခြေစစ်ပွဲအဖြစ် ဩစတြီးယား၊ အဇာဘိုင်ဂျန်အသင်းတို့နှင့် ဇွန်လ၌ကစားရန်ရှိသည်။ (အင်တာနက်)

ဖီဖာဥက္ကဋ္ဌရာထူးယှဉ်ပြိုင်မှုမှ အာရှဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ နုတ်ထွက်

လန်ဒန် မေ ၃၀

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) ဥက္ကဋ္ဌရာထူးအတွက် ယှဉ်ပြိုင်အရွေးခံမည့် အာရှဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ မိုဟာမက်ဘင်ဟမ်မင်းသည် ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းအဖြစ်မှ မေ ၃၀ ရက်၌ နုတ်ထွက်လိုက်ပြီ ဖြစ်သည်။

နုတ်ထွက်

အသက် ၆၂ နှစ်အရွယ်ရှိ ဘင်ဟမ်မင်းသည် လာဘ်ပေးလာဘ်ယူမှုနှင့် ပတ်သက်ပြီး ကင်းရှင်းမှုရှိမရှိကို ဖီဖာစည်းကမ်းထိန်းသိမ်းရေးကော်မတီက စစ်ဆေးကြားနာမည့် တစ်ရက်အလိုတွင် နုတ်ထွက်သွားခြင်း ဖြစ်သည်။ မိမိအနေဖြင့် အဆိုပါကြားနာမှုကို လက်ခံနိုင်ဖွယ်မရှိကြောင်း ၄င်းက ထုတ်ဖော်ပြောကြားသည်။ ဖီဖာဥက္ကဋ္ဌရာထူးအတွက် လက်ရှိဥက္ကဋ္ဌ ဆပ်ဘလတ္တာနှင့် ဘင်ဟမ်မင်းတို့နှစ်ဦးသည် ဇွန် ၁ ရက်၌ ဇူးရစ်မြို့တွင် ယှဉ်ပြိုင်အရွေးခံကြရန် မူလက စီစဉ်ထားသော်လည်း ဘင်ဟမ်မင်းက နုတ်ထွက်သွားခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

ဖီဖာဥက္ကဋ္ဌရာထူး ယှဉ်ပြိုင်အရွေးခံရမှုမှ နုတ်ထွက်ခဲ့သည့် အာရှဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ မိုဟာမက် ဘင်ဟမ်မင်း။

မြန်မာ့အလင်း ပြည်တွင်းအားကစား

ဖူဆယ်လိဂ်ပြိုင်ပွဲဝင်မည့် ရန်ကုန်စီးတီးအသင်း။

ဖူဆယ်လိဂ်ပြိုင်ပွဲဝင်ရန် ရန်ကုန်စီးတီးအသင်း မြင်းဆင်

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်ကော်မတီကကြီးမှူး၍ ဖူဆယ်လိဂ်အမှတ်ပေးပြိုင်ပွဲကို ဇွန် ၁၄ ရက်မှ စ၍ ကျင်းပတော့မည်ဖြစ်သည်။

ရည်မှန်းချက်

ဖူဆယ်အားကစားနည်းကို စိတ်ပါဝင်စားသောသူများသည် အသင်းများဖွဲ့စည်းတည်ထောင်ကာ ပြိုင်ပွဲဝင်ရန် ပြင်ဆင်လျက်ရှိသည်။ ယင်းအသင်းများထဲတွင် ရန်ကုန်စီးတီးအသင်းလည်း အပါအဝင်ဖြစ်သည်။ ပြိုင်ပွဲဝင်ရန် ပြည်တွင်းကစားသမား ၁၅ ဦးဖြင့် လေ့ကျင့်ပြင်ဆင်နေပြီး အောင်မြင်မှုရရှိရန် ရည်မှန်းချက်ထား ပြိုင်ပွဲဝင်မည် ဖြစ်ကြောင်း သိရသည်။

ရန်ကုန်စီးတီးအသင်း၏ နည်းပြချုပ်ဖြစ်သူ ဦးစိုးမိုးက "အသင်းကို အသက် ၂၅ နှစ်ဝန်းကျင်ရှိ လူငယ်ကစားသမားများဖြင့် ဖွဲ့စည်းထားကြောင်း၊ ပြိုင်ပွဲဝင်အသင်း

သတင်းမှတ်စု ➤ ဖိုးသော်ဇင်

တစ်သင်းလျှင် နိုင်ငံခြားသားနှစ်ဦးစီ ထည့်သွင်းကစားခွင့်ပြုမည်ဖြစ်သောကြောင့် ထိုင်းကစားသမားနှစ်ဦးကိုခေါ်ယူရန် ကမ်းလှမ်းထားကြောင်း၊ ဘောလုံးအဖွဲ့ချုပ်ထံမှ ခွင့်ပြုချက်ရပါက အပြီးသတ်စာချုပ်ချုပ်ဆို သွားရန်ရှိကြောင်းပြောကြားသည်။ ရန်ကုန်စီးတီးဖူဆယ်အသင်းတွင် ပိုင်ရှင်အဖြစ် ဦးကျော်စွာညွှန့်၊ CEO အဖြစ် ဦးဇာနည်ကျော်၊ အုပ်ချုပ်သူအဖြစ် ဦးစည်သူကျော်၊ နည်းပြချုပ်အဖြစ် ဦးစိုးမိုး၊ လက်ထောက်နည်းပြအဖြစ် ဦးနေလင်းထွန်း၊ ကစားသမားများအဖြစ် အောင်မင်းထွန်း၊ ချမ်းမြေ့အောင်၊ ချမ်းမြေ့ပိုင်၊ လှမျိုးဦး၊ ဇော်မိုးခိုင်၊ ကိုကိုနိုင်၊ ဇော်သန်းထွန်း၊ အောင်ကိုကိုလတ်၊ ကျော်သူဦး၊ ဌေးအောင်ကျော်၊ အောင်သူမျိုး၊ ငြိမ်းချမ်းအောင်၊ မောင်မောင်လွင်၊ ပြည့်ဖြိုး မောင်(၁)နှင့် ပြည့်ဖြိုးမောင်(၂)တို့ ပါဝင်ကြသည်။ ။ (မြန်မာ့အလင်း)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

ပါကစ္စတန်အနောက်မြောက်ပိုင်း ဟိုတယ်တစ်လုံးပေါက်ကွဲမှုဖြစ်၊ ၁၂ ဦးဒဏ်ရာရ

အစ္စလမ္မာဘတ် မေ ၃၀

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း မြောက်ဝါဇီရစ္စတန်ရှိ မီရန်ရှာမြို့ ဟိုတယ်တစ်လုံးတွင် မေ ၃၀ ရက် နံနက်က ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ ဒဏ်ရာရသူ ၁၂ ဦးရှိခဲ့ကြောင်း ဒေသတွင်း ရုပ်မြင်သံကြားက သတင်းဖော်ပြသည်။

ဟိုတယ်အတွင်း နံနက် ၁၁နာရီ မိနစ် ၂၀ခန့်က ပေါက်ကွဲမှုဖြစ်ခဲ့ပြီး ဒဏ်ရာရသူများကို ဆေးရုံသို့ပို့ထားရာနှစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း သိရသည်။

ယခုပေါက်ကွဲမှုမှာ မည်သည့်အကြမ်းဖက်အဖွဲ့အစည်းကမျှ ၄င်းတို့၏လက်ချက်ဟု ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သတင်းတွင် ဖော်ပြသည်။

သတိပေးချက်ထုတ်ပြန်

မြောက်ဝါဇီရစ္စတန်ရှိ တာလီဘန်အဖွဲ့သည် နယ်မြေအတွင်း လုံခြုံရေး တပ်ဖွဲ့များကို လာရောက်တိုက်ခိုက်မည်ဟု နယ်မြေခံအရပ်သားများအား သတိပေးချက်များ ထုတ်ပြန်ထားကြောင်းလည်း သိရှိရသည်။ (အင်တာနက်)

မိုးမြင့်လင်းလက် စုစည်းသည်

စင်ကာပူ၌ ကုန်သိုလှောင်ရုံ မီးလောင်မှုဖြစ်ပွား

စင်ကာပူ မေ ၃၀

စင်ကာပူနိုင်ငံ ဆန်ဂီခါဒက် အမှတ်(၁)လမ်းရှိ ကုန်သိုလှောင်ရုံတစ်ရုံ၌ မေ ၃၀ ရက် နံနက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်များက ငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ စင်ကာပူအရာရှိများက ပြောကြားသည်။ **(အပေါ်ပုံ)**

ငြိမ်းသတ်

အဆိုပါ မီးလောင်မှုမှာ မေ ၃၀ ရက် နံနက် ၂ နာရီ ၄၅မိနစ်က ဖြစ်ပွားခဲ့ပြီး အနီးဝန်းကျင်သို့ မီးပျံ့နှံ့ကူးစက်လောင်ကျွမ်းမှု မရှိစေရန် စင်ကာပူ မြို့ပြကာကွယ်ရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခဲ့ရာ မိနစ် ၃၀ အကြာတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

ပျက်စီး

မီးလောင်မှုဖြစ်ပွားချိန်တွင် ကုန်သိုလှောင်ရုံအတွင်း လူတစ်ဦးမျှ ပိတ်မိမနေစေရန် ဝိုင်းဝန်းကူညီပေးခဲ့ကြကြောင်း၊ သို့သော် လေးဦးသေဆုံးခဲ့ကြောင်း၊ မီးလောင်မှုကြောင့် ကုန်သိုလှောင်ရုံ ပျက်စီးခဲ့ကြောင်း ၄င်းတို့က ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

မုန်တိုင်းတိုက်ခတ်မှုကြောင့် ချီကာဂိုလေဆိပ်၌ လေယာဉ်ခရီးစဉ်များဖျက်သိမ်း

ချီကာဂို မေ ၃၀

အမေရိကန်နိုင်ငံ ချီကာဂိုမြို့တွင် မေ ၂၉ ရက်က မုန်တိုင်းတိုက်ခတ်မှုကြောင့် ချီကာဂိုအိုဟာရီနိုင်ငံတကာ လေဆိပ်တွင် လေယာဉ်ခရီးစဉ် ၄၀၀ ခန့် ဖျက်သိမ်းခဲ့ရကြောင်း ချီကာဂိုလေဆိပ်အရာရှိများက မေ ၃၀ ရက်၌ ပြောကြားသည်။

ခရီးစဉ်ဖျက်သိမ်း

လေပြင်းများတိုက်ခတ်မှု၊ မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မိုးကြိုးများ ပစ်မှုကြောင့် ချီကာဂိုမြို့ အိုဟာရီ နိုင်ငံတကာ လေဆိပ်၌ လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းခဲ့ရာ **(ယာပုံ)** ခရီးသည် ရာပေါင်းများစွာ သောင်တင်လျက်ရှိသည်။

သတိပေး

ယင်း မုန်တိုင်းသည် အီလီနွိုက်ဒေသမြောက်ပိုင်းအထိ ဖြတ်သန်းတိုက်ခတ်နိုင်သဖြင့် မိုးသည်းထန်ပြီးရေလွှမ်းမှုများ ဖြစ်ပွားနိုင်ကြောင်း သတိပေးချက်များ ထုတ်ပြန်ထားသည်။

ထို့အတူ ချီကာဂိုမြို့ရှိ လီ၊ ဒီခါနှင့်လာဆာလီ စီရင်စုများ အပါအဝင် အခြားဒေသများ၌ ရေကြီးရေလျှံမှုများ ဖြစ်ပွားနိုင်ကြောင်း၊ ချီကာဂိုမြို့ အဓိက လေဆိပ်အပါအဝင် အခြားလေဆိပ်များတွင်လည်း လေယာဉ်ခရီးစဉ် နှောင့်နှေးမှုများ ဖြစ်ခဲ့ရကြောင်း အမေရိကန်အရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

ဆူမတြားကျွန်းကမ်းလွန်၌ အင်အားပြင်း လျှင်လှုပ်

ဂျကာတာ မေ ၃၀

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်းကမ်းလွန်၌ မေ ၃၀ ရက် နံနက်က ရစ်ချ်တာစကေး ၆ ဒသမ ၃ ရှိ အင်အားပြင်းငလျင်လှုပ်သွားကြောင်း၊ ဆူနာမီသတိပေးချက် ထုတ်ပြန်မှုမရှိကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။

အဆိုပါငလျင်သည် ဘန်လူလူပြည်နယ် ဘင်တူဘန်မြို့အနောက်တောင်ဘက် ကမ်းလွန် ၄၀၉ ကီလို မီတာအကွာ ပင်လယ်ကြမ်းပြင်အောက် ၁၀ ကီလိုမီတာအနက်၌ ဗဟိုပြုလှုပ်သွားခြင်းဖြစ်သည်။

ယင်းငလျင်လှုပ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးမှုမရှိကြောင်း၊ ငလျင်လှုပ်ချိန်မှာ မေ ၃၀ ရက် ဒေသစံတော်ချိန် နံနက် ၁ နာရီ ၂၃ မိနစ်ခန့်ကဖြစ်ကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။ (အင်တာနက်)

အဝေးပြေးကုန်တင်ယာဉ်ရပ်နားစခန်းနှင့် ကုန်စည်ဒိုင်များ

မန္တလေးတိုင်းဒေသကြီး၌ တည်ဆောက်

နေပြည်တော် မေ ၃၀

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်သည် မေ ၂၃ ရက် ညနေ ၄နာရီခွဲက မန္တလေးမြို့ အမရပူရမြို့နယ်ရှိ မြို့တော်စည်ပင်သာယာရေးကော်မတီက ဆောက်လုပ်လျက်ရှိသော အဝေးပြေးကုန်တင်ယာဉ်ရပ်နားစခန်းနှင့် ကုန်စည်ဒိုင်များ တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိရာ မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဖုန်းဇော်ဟန်က ပြင်ပလမ်းများ၊ အတွင်းလမ်းများ၊ ယာဉ်ရပ်နားနေရာ၊ ပွဲရုံနှင့် ကုန်စည်ဒိုင်များ၊ သိုလှောင်ရုံများ ဆောက်လုပ်ပြီးစီးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးမြို့တွင်း ကုန်တင်ယာဉ်ကြီးများသွားလာမှုထိန်းချုပ်ရေး အောင်မြင်အောင် ဆောင်ရွက်ရန် မှာကြားပြီး ဆောက်လုပ်လျက်ရှိသော အဝေးပြေးကုန်တင်ယာဉ်ရပ်နားစခန်းနှင့် ကုန်စည်ဒိုင်များတည်ဆောက်ရေးလုပ်ငန်းခွင်သို့ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းပွဲကျင်းပ

မော်လမြိုင် မေ ၃၀

အခွန်ထမ်း ပြည်သူများအား ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ အခွန်ပညာပေးရှင်းလင်းပွဲကို မေ ၁၂ ရက် နံနက် ၉ နာရီက မော်လမြိုင်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးတွင် ကျင်းပသည်။

ပြန်လည်ရှင်းလင်း

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမြင့်က အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** မော်လမြိုင်မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးခေါင်မင်းက အခွန်ဆိုင်ရာသိကောင်းစရာများကို ရှင်းလင်းကာ အခွန်ထမ်း ပြည်သူများက သိလိုသည့် အချက်များကို ပြန်လည်ရှင်းလင်းခဲ့သည်။

အလားတူ အခွန်ထမ်း ရွှေဆိုင်ပိုင်ရှင်များအား ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ အခွန်ပညာပေးရှင်းလင်းပွဲကို မေ ၁၃ ရက်က မော်လမြိုင်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွင် ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးခေါင်မင်းက အခွန်ဆိုင်ရာသိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ **(၁၀၇)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၅-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	**အမြင်နှစ်မျိုး** တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်အဂ္ဂမဟာပဏ္ဍိတဒေါက်တာနန္ဒမာလာဘိဝံသ)
၆း၃၀	ဓမ္မစကြာတရားဦးဟောရာ မိဂဒါဝုန်မှာသံဝေဂရယူပါ
၆း၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၂၀)
၇း၃၀	MRTV-4 သတင်း
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၇၈)
၈း၅၀	ရန်ကုန်မြင်ကွင်းကျယ် (လှိုင်မြို့နယ်ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်း၏ဗုဒ္ဓပူဇနိယနှင့် ရုံးခန်းဖွင့်လှစ်ခြင်းအခမ်းအနား)
၉း၁၀	ထာဝရရှင်သန်ဖူးပွင့်နေမည့် သာသနာ့ဉယျာဉ်
၉း၂၅	ဝိဇာတပူဇာမင်္ဂလာ···
၉း၃၅	Cartoon Show Time (Berry Bitty Adventures)
၁၀း၂၀	နွေးထွေးပျူငှာကရုဏာနှင့် ထိရောက်စွာကုသ RIGHT ONCO CARE CENTRE မှ
၁၀း၄၅	Celebrity Style (ချောရတနာနှင့်သန္တာဗို)
၁၁း၀၀	International Show Biz
၁၁း၁၅	အေးချမ်းသာယာအင်းတကော် စိတ္တသုခမဟာမြိုင်သိမ်ကုန်း ကျောင်းမှာ
၁၁း၃၅	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၀၅	သင်ကြားရေးလမ်းညွှန် (Webster University Thailand)
၁၂း၄၀	သာသနာ့အမွေခံဇာကြေန် မှန်ပေသည်
၁း၀၀	**အမြင်နှစ်မျိုး** တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်အဂ္ဂမဟာပဏ္ဍိတဒေါက်တာနန္ဒမာလာဘိဝံသ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	ရန်ကုန်မြင်ကွင်းကျယ် (Mother Day's Dumex)
၂း၄၀	ယဉ်ကျေးလိမ္မာမှုတို့မွေးဖွားပေးမှာ ယဉ်ကျေးလိမ္မာသင်တန်းပါ
၂း၅၅	အမာရွတ်ကင်းတဲ့လှပခြင်းအတွက် Hiruscar
၃း၁၀	တွယ်တာရဲ့ တွယ်တာ
၃း၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၂၀)
၄း၁၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၇၈)
၅း၀၅	The Champion of Dance
၅း၄၅	**ဒို့ဘဝဆေးကျောင်းမမေ့စကောင်း** စာပေမိတ်ဆက်
၆း၀၀	MRTV-4 သတင်း
၆း၂၀	တန်ခိုးထွတ်ခေါင်ရွှေနတ်တောင်
၆း၄၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ**(အပိုင်း-၂၁)
၇း၃၀	Celebrity Choice (ရေဗက္ကာဝင်း)
၈း၀၀	MRTV-4 သတင်း
၈း၃၀	MRTV-4 ကျန်းမာရေးကဏ္ဍ (အရိုးရောဂါနှင့်ပတ်သက်ပြီး သိကောင်းစရာများ)(အပိုင်း-၂)
၉း၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၇၉)
၁၀း၂၀	အနုပညာမိုးကောင်းကင်
၁၀း၄၀	သီးနှံစိုက်ပျိုးအထွက်တိုး **စားသုံးဆီဖူလုံဖို့ မြေပဲအထွက်တိုးအောင်စိုက်ကြစို့**
၁၀း၅၀	ဘဝများ(တင်မိုးလွင်)
၁၁း၂၀	**မင်းအချစ်ကလိုပါသေးတယ်** စစ်ပိုင်၊ဟန်ထူး၊အမ်-ဇိုင်း၊ချစ်စနိုးဦး (ဒါရိုက်တာ-အဓိပတိမောင်မောင်ဦး)
၁၁း၃၅	World of Knowledge (Ancient Mega Structures Angkor Wut)
၁၂း၂၅	လူငယ်နှင့်ဆေးလိပ်အန္တရာယ် (ဒေါက်တာခင်မောင်လွင်၊ဒေါက်တာအောင်ထွန်း)
၁၂း၅၀	လှုပ်ရှားစုံစုံ မြန်မာ့သုခမဇာတ်ခုံ သစ္စာမေတ္တာရွှေမန်းသဘင် (အပိုင်း-၁)
၁း၂၀	ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ ဗဟုသုတလေ့လာပါ Resource Centre မှာ
၁း၃၅	ကိုယ်ပိုင်ဟန်ဖက်ရှင် (ရွှေရောင်ကြယ်ပွင့်ပျူမင်းသား)
၁း၅၅	လွှယ်ကူမြန်ဆန်စေရာ··· စံမြန်မာ
၂း၁၀	Shooting Location (ခင်ယုမေအိမ်)
၂း၃၀	ဖူးပွင့်ဝေဆာရွှေကျင်မြေမှ ဉယျာဉ်သာ
၂း၄၅	ဒို့တိုင်းဌာနီဧရာဝတီ (ကြက်၊ဘဲ၊ဝက်၊ငါးမွေးမြူရေးလုပ်ငန်းများ)
၃း၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀	ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)၏မသန်စွမ်းသူများအတွက် Barrier Free
၄း၃၀	ဖူးမြော်ကြည်ညိုဖွယ်ရာ စစ်ကိုင်းမြို့မှတန်ခိုးကြီးစေတီများ
၄း၄၀	စေတီတို့ရဲ့နောင်တော် တွံတေးရွှေဆံတော်
၄း၅၀	အံ့ဖွယ်ထူးခြားကလောမဟာမုနိ ဆုတောင်းပြည့်နီးဘုရား
၅း၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

လပွတ္တာ၌ ကဏန်းဘေးမဲ့ဇုန်အတွင်း မျိုးစိုက်ထည့်

လပွတ္တာ မေ ၃၀

လပွတ္တာခရိုင် လပွတ္တာမြို့နယ် ကဏန်းဘေးမဲ့ဇုန်အတွင်း ကဏန်းမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို မေ ၂၉ ရက် နံနက် ၈ နာရီက ကျင်းပသည်။

စိုက်ထည့်

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံ/စီးပွား ဝန်ကြီးဌာန ဝန်ကြီး ဦးတင်စိုး၊ ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်မင်း၊ ဧရာဝတီတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှူး ဦးအောင်မြင့်ထွန်း၊ လပွတ္တာခရိုင် အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်၊ ခရိုင်ငါးလုပ်ငန်းဦးစီး ဦးတင်ဝင်းနှင့် ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်/မြို့နယ်ခွဲဦးစီးမှူးများ၊ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အဖွဲ့ဝင် ရေလုပ်ငန်းရှင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများက ကဏန်းဘေးမဲ့ဇုန်အတွင်းသို့ ကဏန်းကောင်ရေ သုံးထောင်ကျော် မျိုးစိုက်ထည့်**(အပေါ်ပုံ)** လွှတ်ပေးခဲ့ကြောင်း သိရှိရသည်။ **(ငါးလုပ်ငန်းဦးစီး)**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်ရဲတပ်ဖွဲ့ မိသားစုဝင် သားသမီးများအတွက် ပညာသင်စရိတ် ထောက်ပံ့ပွဲကို မေ ၂၇ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသက်လွင်အောင်က ကျောင်းသူတစ်ဦးအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်စဉ်။ (မြို့နယ်စည်ပင်)

မူဆယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဘောဂလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို မေ ၁၈ ရက်က တာဝန်ခံအင်ဂျင်နီယာမှူး ဦးကျုံးလျှန်ဗွိုင်းနှင့်အဖွဲ့ ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးသက်ပိုင်ကွင်းဆင်းကြီးကြပ်စဉ်။ (ဝ၆၆)

မြန်မာ့အလင်း စာတည်းထံပေးစာများ

ကဏန်းအပုပ်နံ့ကြောင့် ကျန်းမာရေးထိခိုက်

စာတည်းရှင့် -

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် အုပ်စုခြောက် မာဃလုလင်လမ်းရှိ နေအိမ်တစ်အိမ်တွင် ကဏန်းအသားထုတ်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိရာ ကဏန်းအပုပ် အနံ့အသက်ဆိုးများကြောင့် ပတ်ဝန်းကျင်နေသူများနှင့် သက်ကြီးရွယ်အိုများ၏ ကျန်းမာရေးကို ထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အပုပ်နံ့မခံနိုင်သူ

ရပ်ကွက်အတွင်းမှချဲဒိုင် အရေးယူပေးပါ

စာတည်းခင်ဗျား -

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်စု လက်ယက်စမ်းကျေးရွာရှိ အိမ်တစ်အိမ်တွင် နှစ်လုံး၊ သုံးလုံးချဲဒိုင်ကိုင်နေသည်မှာ ကြာပြီဖြစ်ရာ ရပ်ကွက်နေပြည်သူများ လူမှုစီးပွားဘဝကို ထိခိုက်နိုင်ပါသဖြင့် ၄င်းနှစ်လုံး၊ သုံးလုံးချဲဒိုင်ကို ဥပဒေနှင့်အညီ အရေးယူပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သားများ**

ရေရရှိရေး ဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား -

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၇၁)၊ (၇၂) ရပ်ကွက်များရှိ ရေပိုက်များတွင် ရေမလာဘဲ အဆိုပါ ရေပိုက်များအတွင်း ရေမြောင်းပိတ်ဆို့ရာမှ ဝင်ရောက်လျက်ရှိသော ရေဆိုးများ ထွက်ရှိနေသောကြောင့် ရပ်ကွက်နေပြည်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **(၇၁၊၇၂)ရပ်ကွက်သားများ**

ကျူးကျော်ဆိုင်ခန်းများ ဖယ်ရှားပြီးဖြစ်

၅-၅-၂၀၁၁ ရက်နှင့် ၁၄-၅-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာတည်းထံပေးစာပါ **ကောလင်းမြို့ ဈေးရုံရပ် အားကစားခန်းမအနီး ကျူးကျော်ဆိုင်ခန်းများအား ဖယ်ရှားပေးပါ** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ကျိုက်သလ္လံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲအတွက် ဧပြီ၂၅ရက်က မော်လမြိုင်မြို့ အမှတ်(၁)ဈေး ဂျပန်စတိုး စာအုပ်စာရေးကိရိယာဆိုင်ပိုင်ရှင် ဦးသန်းထွန်း-ဒေါ်မြင့်မြင့်ရီမိသားစုက ငွေကျပ်ခြောက်သိန်းငါးသောင်းကို ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံယူပြီး အလှူရှင်မိသားစုအား ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (၁၀၇)

ပညာသင်ထောက်ပံ့ငွေ ဟိုပန်မြို့၌ပေးအပ်

ဟိုပန် မေ ၃၀

ဟိုပန်မြို့၌ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့နှင့် ကျောင်းမနေနိုင်သည့် ကလေးများအား ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲ၊ မူလတန်းအဆင့် ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် ဗလာစာအုပ်များပေးအပ်ပွဲအခမ်းအနားကို မေ၂၆ရက်နံနက် ၉နာရီက အခြေခံပညာအထက်တန်းကျောင်း(စောမဟာ) ခန်းမ၌ကျင်းပရာ ''ဝ''ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ထွန်းလူက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း၃၂ကျောင်းမှ မိဘမဲ့ ဆင်းရဲနွမ်းပါးကလေး ၁၀၁ ဦးအတွက် ပညာသင်ထောက်ပံ့ငွေကျပ် ၆၀၆၀၀၀ ကိုပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဦးမောင်မောင်က လက်ခံယူသည်။

ယင်းနောက် ''ဝ''ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဥက္ကဋ္ဌနှင့် ဦးစီးအဖွဲ့ဝင် ဦးစိုင်းလှဖေ၊ ဗိုလ်ကြီးထွန်းလင်းသန်း၊ အတွင်းရေးမှူး ဦးသန်းထွဋ်ဦးတို့က မူလတန်းအဆင့် အခမဲ့ကျောင်းသုံးပုံနှိပ်စာအုပ် ၆၄၃ စုံနှင့် ဗလာစာအုပ် ဒါဇင် ၅၀၀ ကို ပေးအပ်ရာ ကျောင်းအုပ်များနှင့် ကျောင်းသား ကျောင်းသူများက လက်ခံယူခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီက ကြီးမှူးကျင်းပသည့် (၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းများနှင့် ၂၀၀၉-၂၀၁၀ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည့် မိသားစုဝင်များ၏ သားသမီးများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၁၀ ရက်က မြို့နယ်စစ်မှုထမ်းဟောင်းအသင်းရုံး၌ကျင်းပရာ တပ်ကြပ်ကြီးစိုင်းထွန်းဝင်း(ငြိမ်း)က အလှူငွေကျပ် ၁၁၀၀၀၀ လှူဒါန်းသဖြင့် မြို့နယ်စစ်မှုထမ်းဟောင်းဥက္ကဋ္ဌ ဗိုလ်ကြီးမောင်ဆယ်(ငြိမ်း) လက်ခံယူစဉ်။ (မြို့နယ် ပြန်/ဆက်)

ကျန်းမာရေးဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

ပခုက္ကူ မေ ၃၀

၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပခုက္ကူ အထွေထွေ ရောဂါကုဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းသားသမီးများအားပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို မေ ၂၄ ရက် ညနေ ၃ နာရီက အဆိုပါ ဆေးရုံကြီးအစည်းအဝေးခန်းမ၌ ကျင်းပရာ မူလတန်းကျောင်းသား ၅၃ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်း၊ အလယ်တန်းကျောင်းသား ၂၄ ဦးအတွက် တစ်ဦးလျှင်ငွေကျပ် ၇၀၀၀ နှုန်း၊ အထက်တန်းကျောင်းသား ၂၃ဦးအတွက် တစ်ဦးလျှင်ငွေကျပ် ၉၀၀၀ နှုန်းနှင့် တက္ကသိုလ်/ကောလိပ် အဆင့်ကျောင်းသားကိုးဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ်၇၁၀၀၀၀ကိုဆေးရုံအုပ်ကြီး ဒေါက်တာသင်းသင်းအေးနှင့် အထူးကုဆရာဝန်ကြီးများက ပေးအပ်ရာ မိဘများကိုယ်စား သူနာပြုအုပ်နှင့် သူနာပြုဆရာမကြီးများက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(၁၀၂)**

မွေးကင်းစကလေး ပြုစုစောင့်ရှောက်ခြင်း အသိပညာပေးဆွေးနွေး

ရမည်းသင်း မေ ၃၀

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ကျန်းမာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများက အိမ်တိုင်ရာရောက် မွေးကင်းစ ကလေးပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ဧပြီ၂၅ရက် နံနက် ၉ နာရီက ရမည်းသင်းခရိုင် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက် ခရိုင်ဆရာဝန်ကြီး ဒေါက်တာနီလာထွန်း၊ မြို့နယ်မိခင်နှင့်ကလေးဆရာဝန်ဒေါက်တာမြင့်မြင့်မော်၊မြို့နယ်ကျန်းမာရေးမှူး ဦးအောင်ဝင်းနှင့် မြို့နယ်သူနာပြု အဆင့်(၁) ဒေါ်ခင်ဝင်းတို့က ကလေးပြုစုခြင်းဆိုင်ရာများကို ဟောပြောဆွေးနွေးခဲ့ကြသည်။ (၀၁၁)

မြို့နယ်သတင်း ထွေတလာ

ဟောပြော

ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် အမှတ် (၁)ရပ်ကွက်တွင် မူးခင်းလျော့နည်းကျဆင်းရေး ဟောပြောပွဲကို မေ ၁၃ ရက်က ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့ စခန်းမှူး ရဲအုပ် အောင်နိုင် ဟောပြောကြစဉ်။ (၁၃၃)

မူလတန်းလွန်ကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်

ရေကြည် မေ ၃၀

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ချင်းကုန်းကျေးရွာ ဓမ္မသိပ္ပံရွှေကြို့ပင်ကျောင်း ဘုန်းတော်ကြီးသင်မူလတန်းလွန်ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပွဲကို မေ၂၀ရက် နံနက်၈ နာရီခွဲက ကျင်းပရာ ကျောင်းဆိုင်းဘုတ်ကို ဓမ္မသိပ္ပံ ရွှေကြို့ပင်ကျောင်းဦးစီးပဓာန ဘုန်းတော်ကြီးသင် မူလတန်းလွန်ကျောင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဘဒ္ဒန္တကောသလ္လ၊မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစံလှိုင်၊ မြို့နယ် သာသနာရေးမှူး ဦးမိုးဆက်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်သာသနာရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က ကျောင်းငွေပဒေသာပင်အတွက် အလှူရှင် ၄၀ တို့ကိုယ်စား ငွေကျပ် သိန်း ၂၀ကို လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)

ကြို့ပင်ကောက်၌ စီမံကိန်းတာဝန်ပေးအပ်

ကြို့ပင်ကောက် မေ ၃၀

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမ၌ မေ ၂၃ ရက် မွန်းလွဲ ၁ နာရီက စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနား ကျင်းပရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်က အမှာစကားပြောကြားသည်။

တာဝန်များပေး

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်က ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့အား စီမံကိန်းတာဝန်များပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ယာပုံ)** **(၁၁၁)**

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ကြံခင်းမြို့အဝင်ဆိုင်းဘုတ်ဝန်းကျင် သာယာလှပရေး ဆောင်ရွက်ထားရှိမှုကို မေ ၁၇ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးကိုကိုနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မိုးညှင်းမြို့နယ် မြို့မဈေးကြီး သန့်ရှင်းသာယာလှပရေးအတွက် ရေနုတ်မြောင်းများအား မေ ၇ ရက်က အဖွဲ့ဝန်ထမ်းများ တူးဖော်ဆယ်ထုတ်ရှင်းလင်းခြင်းကို အမှုဆောင်အရာရှိ ဦးအေးနိုင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးအင်ခွန်အောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မူဆယ်မြို့အတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ဈေးရပ်ကွက်ရှိ ပင်မရေနုတ်မြောင်းအား ချုံနွယ်များရှင်းလင်းခြင်းနှင့် နုန်းများဆယ်ယူခြင်း လုပ်ငန်းများကို မေ ၁၆ ရက်က မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် အင်ဂျင်နီယာမှူး ဦးကျုံးလျန်ဗိုင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၀၆၆)

လှိုင်ကော်မြို့နယ် ထီရိကျေးရွာရေရရှိရေးလုပ်ငန်းအတွက် မေ ၁၃ ရက်က ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းဟန် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်သူနှင့် အင်ဂျင်နီယာမှူး ဦးအောင်ကျော်မိုးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လပွတ္တာမြို့ သိကြားဘုရားသောက်ရေကန်မှ သောက်သုံးရေပေးဝေနေမှုကို မေ ၂၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးဝင်းမြင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်သတင်းထောက်များခေါ်ယူခြင်း

မြန်မာ့အလင်းသတင်းစာတိုက်အတွက် သတင်း၊ ဓာတ်ပုံ၊ သတင်းဆောင်းပါးများ ရေးသားရိုက်ကူးပေးပို့နိုင်မည့် မြို့နယ်သတင်းထောက်များကို စိစစ်ရွေးချယ်ခန့်ထားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ သတင်းထောက်လုပ်ငန်းကိုဝါသနာပါပြီး သတင်းရေးသားခြင်း၊ ဓာတ်ပုံရိုက်ကူးခြင်းများကို သတင်းနှင့် ဆက်သွယ်ရေးနည်းပညာများကို အခြေခံလျက် လုပ်ကိုင်နိုင်သူများသည် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲစခန်းတို့၏ ထောက်ခံချက်နှင့်အတူ ကိုယ်ရေးအကျဉ်းနှင့် လိုင်စင်ဓာတ်ပုံ နှစ်ပုံပူးတွဲလျက် လျှောက်ထားနိုင်ပါသည်။

လျှောက်ထားလိုသူများသည် **မြန်မာ့အလင်းသတင်းစာတိုက် ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်နှင့် မြန်မာ့အလင်းသတင်းစာတိုက် (ရန်ကုန်ရုံးခွဲ) အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**သို့ (၉-၆-၂၀၁၁)ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃-သုဝဏ္ဏ၊ မြေကွက်အမှတ် ၇၊ မြေဧရိယာ ၀ ဒသမ ၁၈၈ဧကကျယ်ဝန်းသော နှစ်ဖ၀ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအမှတ် ၁၈၊ ကန့်ကော်မြိုင်လမ်း၊ (၂၃)ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်တို့ကိုအမည်ပေါက်ပိုင်ဆိုင်သူ ဦးတိုးတိုးအောင် ၁၂/သကတ(နိုင်) ၁၃၈၄၅၈ ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့်တကွ အကျိုးခံစားခွင့်တို့ရောင်းဝယ်မှုအပေါ် ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားများနှင့်တကွ ကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အထက်ဖော်ပြပါ မြေကွက်နှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်တို့အား တရားဝင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်မောင်ဆွေ

တရားရုံးချုပ်ရှေ့နေ(စဉ်-၇၀၅၂)

အခန်းအမှတ် ၀၂/၁၂၊ ပထမထပ်၊ အာရှပလာဇာ၊

ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊

ဖုန်း-၀၉-၅၀၀၄၇၇၅၊ ၀၉-၇၃၀၃၃၀၅၈၊ ၀၁-၄၃၀၈၅၀။



သား၊သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကွတ်ခိုင်မြို့နယ်၊ နမ့်ဖတ်ကာကျေးရွာနေ မဝင်းဝင်းအေး ၁၃/လရန(နိုင်)၀၀၁၅၃၅နှင့် မောင်မျိုးမင်းလတ် ၁၃/လရန(နိုင်)၀၇၉၀၃၈တို့သည် မိဘဆိုဆုံးမမှုကိုမနာခံဘဲ မိဘစိတ်ဆင်းရဲအောင် ပြုမူနေထိုင်ပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံ သား၊ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း။ ၎င်းတို့နှင့်ပတ်သက်သည့် မည်သည့်ကိစ္စမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဖခင်-ဦးချစ်အေး

၁၃/လရန(နိုင်)၀၂၆၄၄၉။

[illegible]

အမည်မှန်ဖြည့်စွက်ခေါ်ဆိုပေးပါရန်

မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်းမှ ၁၃/နခန(နိုင်)၀၀၁၂၈၃ကိုင်ဆောင်သူ မူလတန်းပြဆရာမ ဒေါ်နန်းမခမ်း(ခ) ဒေါ်နန်းအေခမ်းဟု ဖြည့်စွက်ခေါ်ဆိုပေးပါရန်။

ဒေါ်နန်းမခမ်း(ခ)ဒေါ်နန်းအေခမ်း။

ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ မန်စီမြို့နယ်၊ မန့်ဝိန်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဆဋ္ဌမတန်း(ဂ)တွင် ပညာသင်ကြားနေသော မောင်ကြီးနှင့် မောင်ငယ်တို့၏ဖခင်အမည်မှန်မှာ ဦးတင်မောင် ဖြစ်ကြောင်း။ **ဦးတင်မောင်။**

တွေ့ဆုံလိုပါသည်

အထက-၄ ကမာရွတ်ကျောင်းတွင် အတူတက်ခဲ့သော မကြည်ကြည်ဦးအား သူငယ်ချင်းများက တွေ့လိုပါ၍ အမြန်ဆက်သွယ်ပါ။

မစောခ ဖုန်း-၃၈၀၈၅၂။

သင့်သွေးဖြင့် အသက်ကယ်ပါ

မိုးစပါးစီမံကိန်း တာဝန်ပေးအပ်

ဝေါ မေ ၂၉

ဝေါမြို့နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ် မိုးစပါးစီမံကိန်းတာဝန်ပေးအပ်ပွဲကို မေ ၂၀ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဌာနမှူး ဒေါ်သန်းသန်းဆင့်၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးခင်ဖေနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးစိုးဝင်းတို့က စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စိုက်ပျိုးရေးနှင့် မြေစာရင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ပေးအပ်

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများသို့ ၂၀၁၁-၂၀၁၂ မိုးစပါးစီမံကိန်းတာဝန်များကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်း ထွေတလာ

Notebook အမျိုးအစားသစ် မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် မေ ၃၀

Toshiba Singapore Pte Ltd. နှင့် Lucky Bird Trading Co., Ltd.တို့ ကြီးမှူးကျင်းပသည့် Toshiba Art Collection နှင့် နည်းပညာသစ်များ ပေါင်းစပ်ထုတ်လုပ်ထားသော Notebook အမျိုးအစားသစ်များ မိတ်ဆက်ပွဲကို ရန်ကုန်မြို့ Traders Hotel ၌ မေ ၂၆ ရက် ညနေက ကျင်းပရာ အခမ်းအနားတွင် Lucky Bird ကုမ္ပဏီ Managing Director ဦးထင်အောင်ခိုင်နှင့် Toshiba Singapore Pte Ltd. မှ Mr. Lin Yasi တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ Toshiba Singapore Pte Ltd. မှ ထုတ်လုပ်မှုကျွမ်းကျင်သူ Mr. Shawn Tay က နည်းပညာသစ်များ ပေါင်းစပ်ဖန်တီးထုတ်လုပ်ထားသော Notebook အမျိုးအစားသစ်များဖြစ်သည့် E 300, L 735,L 745, R 830, L 755 Tecra R 840, P 745 နှင့် ပတ်သက်၍ မိတ်ဆက်ရှင်းလင်းတင်ပြသည်။

ထုတ်လုပ်ထား

Notebook အမျိုးအစားသစ်များကို အကောင်းဆုံး တီထွင်ထုတ်လုပ်ထားမှု၊ အသုံးပြုမည့်သူနှင့်ကိုက်ညီမည့် နည်းပညာများ ရွေးချယ်ပေါင်းစပ်ပေးနိုင်မှု (Best Innovations)၊ စွဲမက်ဖွယ် အသွင်အပြင်နှင့် ခိုင်ခံ့သေသပ်မှု (Right Design)၊ မြင့်မားသော အရည်အသွေးကို ကာလကြာရှည်စွာ အသုံးပြုနိုင်စေရန် အရည်အသွေးစစ်ဆေးပြီး ထုတ်လုပ်မှု (High Quality)၊Toshiba နည်းပညာဖြင့် ဒီဇိုင်းဖန်တီးမှု (Design by Technology) တို့ဖြင့် ထပ်မံထုတ်လုပ်ထားကြောင်း သိရသည်။

ပြင်ဆင်စရိတ်သက်သာစေပြီး Notebook ကို ရေရှည်အပြည့်အဝအသုံးပြုနိုင်ရန်အတွက် Select Serve Program ဖြင့် Local Warranty (or) International Warrantyကို သုံးနှစ်အထိ ထပ်မံတိုးမြှင့်ပေးမည် ဖြစ်သည်။

Toshiba Notebook များကို ဆက်သွယ်ဝယ်ယူလိုပါက Lucky Bird Trading Co., Ltd. အမှတ်(၁၀၃) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၈၁၆၇၊ ၀၁-၃၇၉၈၇၅၊ ၀၁-၃၉၉၀၁၁နှင့် မန္တလေးမြို့ အမှတ်(၁၀၀) ၇၅လမ်းနှင့် ၃၁-လမ်းထောင့် မောဂဂီဝါရပ် ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၂-၇၃၄၇၈၊ နေပြည်တော် အနောက်မြောက်ထောင့်အဝိုင်း သပြေကုန်းဈေး၊ ဖုန်း-၀၆၇-၄၁၄၁၁၃ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ရှင်းလင်းတင်ပြ

ပန်ဆိုင်း(ကြူကုတ်)မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ထားသော မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို မေ ၂၂ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်း စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးညွန့်ရွှေတို့ ရှင်းလင်းတင်ပြစဉ်။ (ပြည်နယ် ပြန်/ဆက်)

ဝက်နားရွက်ပြာရောဂါအကြောင်း ပညာပေးဟောပြော

မန်စီ မေ ၂၉

ကချင်ပြည်နယ် မန်စီမြို့နယ် ရီရူးမန်ခံကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် မေ ၁၂ ရက် နံနက် ၈နာရီခွဲက ဝက်နားရွက်ပြာရောဂါ အပါအဝင် တိရစ္ဆာန်ကူးစက်ရောဂါများအကြောင်း ပညာပေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအောင်ကြည်ဦးက ဝက်နားရွက်ပြာရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါနှင့် ခွေးရူးရောဂါများအကြောင်း ပညာပေးဟောပြောသည်။

ဆက်လက်၍ မန်စီမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာဝင်းမြင့်အောင်က အဖြစ်များသော ကျွဲ၊ နွားကူးစက်ရောဂါများအကြောင်း ပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် တိ/မွေးကု ဦးစီးဌာန)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း

ရန်ကုန်တိုင်းဒေသကြီး ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးချီးမြှင့် အခြေခံပညာအထက်တန်းကျောင်းများနှင့် လူငယ်သင်တန်းကျောင်းများကို ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မေ ၂၉ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၌ ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးချီးမြှင့်သည်။

စိုက်ပျိုး

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ မှာကြားချက်များနှင့်အညီ ယခုနှစ်မိုးရာသီတွင် ရန်ကုန်တိုင်းဒေသကြီး အတွင်း၌ လူထုဖြင့် ပျိုးပင် (၁၂)သိန်းကို စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း။

ယင်းသို့ စိုက်ပျိုးရာတွင် တစ်အိမ်ထောင် ကျွန်း (၃)ပင်ဖြင့် အိမ်ထောင်စု (၃၅၂၂၉)စု၊ တစ်အိမ်ထောင် သစ်မာ အပင် (၂၀)ဖြင့် အိမ်ထောင်စု (၁၂၀၀၀)၊ တစ်ရွာတစ်ဧကဖြင့် *စာမျက်နှာ ၈ ကော်လံ ၁* ✱

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်နှံနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)